
HARVARD Kennedy School
ASH CENTER
for Democratic Governance
and Innovation

# ရေဆန်လမ်း - မဟာမိတ်အင်အားစု တည်ဆောက်ခြင်း
# မြန်မာနိုင်ငံ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖက်ဒရယ်ဝါဒအသစ်ကို အသုံးပြုခြင်း




ယခု သုတေသနစာတမ်းကို ဟားဗတ်တက္ကသိုလ်၊ ဂျွန် အက်ဖ် ကနေဒီ အစိုးရပညာသင်ကျောင်း၊ ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးစနစ်နှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ အက်ရှ် စင်တာ (Ash Center for Democratic Governance and Innovation) မှ ဒေးဗစ် ဒါပိစ် (David Dapice) (David_Dapice@harvard.edu) နှင့် သောမတ်စ် ဗယ်လီလီ (Thomas Vallely) (Thomas_Vallely@harvard.edu) တို့က မြန်မာနိုင်ငံသို့ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်နေ့မှ နိုဝင်ဘာ ၂၀ ရက် တွင် တစ်ကြိမ်၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် တစ်ကြိမ် လာရောက်လေ့လာပြီးနောက် ရေးသားခဲ့ ခြင်း ဖြစ်ပါသည်။ ယခုဖော်ပြထားသည့် အမြင်များသည် စာရေးသူတို့၏ အမြင်သာဖြစ်ပြီး၊

မာတိကာ


နိဒါန်း....3

အတိတ် ....4

ဖက်ဒရယ်ဝါဒအသစ်သို့ ဦးတည်ပြောင်းလဲခြင်း....7

ဖက်ဒရယ်ဝါဒအသစ် အတွေးအမြင်နှင့် ပတ်သက်သော ပြဿနာများ....9

ဖက်ဒရယ်ဝါဒအသစ်အားဖြင့် လစ်ဘရယ်မဆန်သည့် ဒီမိုကရေစီစနစ်ကို ရှောင်ရှားနိုင်ခြင်း.... 11

တပ်မတော်၏ အခန်းကဏ္ဍနှင့် အရွယ်အစားအပေါ် ပြုပြင်ပြောင်းလဲမှု .... 13

အမျိုးသားလုံခြုံရေးအပေါ် ပြန်လည်အဓိပ္ပါယ် ဖွင့်ဆိုခြင်း .... 15

စီးပွားရေးဖွံ့ဖြိုးမှု မြန်ဆန်စေရန် ဖန်တီးခြင်း.... 17

သဘောတူညီချက်အသစ်ဖော်ဆောင်ရန် ရှင်းလင်းတင်ပြခြင်းနှင့် တိုက်တွန်းခြင်း .... 18

နောက်ဆက်တွဲ (၁)။ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု။ ဒဏ္ဍာရီလော၊ အဖြစ်မှန်လော။.... 21

နောက်ဆက်တွဲ (၂)။ မြန်မာနိုင်ငံရှိ မြေယာများ။ အသိအမှတ်ပြုရတော့မည့် အချိန်ကာလ ဖြစ်သည်။.... 25

နောက်ဆက်တွဲ (၃)။ သဘာဝ အရင်းအမြစ်များ - အသစ်ပြန်လည်ခွဲဝေရမည့် အချိန်ကာလ ဖြစ်သည်။.... 28

## နိဒါန်း

အစိုးရအတွင်းမှသာမက ပြင်ပရှိလူအများကပါ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ နှင့် တိုင်းရင်းသားငြိမ်းချမ်းရေးကိစ္စများကို မြှင့်တင်ဆောင်ရွက်နိုင်ရန် အကြံဉာဏ်များ မေးမြန်းခဲ့ကြပါသည်။ ယခု စာတန်းတိုသည် ကချင်၊ ကရင်၊ မွန်နှင့် ရှမ်း ပြည်နယ်များသို့ ကွင်းဆင်းလေ့လာမှုနှင့် ချင်းမိုင် မှ UNFC[1] ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများအပေါ် အခြေ တည်ပြီး ချဉ်းကပ်တင်ပြထားခြင်း ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် နေပြည်တော်နှင့် ရန်ကုန်ရှိ နိုင်ငံရေး နယ်ပယ်မှ ပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ပဏာမ မူကြမ်းကို ဆွေးနွေးခဲ့ပါသည်။ စီးပွားရေးနှင့် နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ မကြာသေးမီက ရေးသားထုတ်ဝေခဲ့သော "နိုင်ငံများ မည်သည့်အတွက်ကြောင့် ကျရှုံးရသနည်း" (Why Nations Fail) ဟူသည့် စာအုပ်မှ ချဉ်းကပ်ပုံ အခြေခံမှုဘောင်နှင့် ဖာရိဒ် ဇကာကရိယား (Fareed Zakaria) က ဆွေးနွေးထားသည့် လစ်ဘရယ်မကျသည့်ဒီမိုကရေစီ (Illiberal democracy) အမြင်ကို ယခုစာတန်းတွင် အသုံးပြု၍ တင်ပြထားပါသည်။[2] ယခုစာတန်း၏ အခြေခံအမြင်မှာ မြန်မာနိုင်ငံ၏အတိတ်မှ ဦးတည်နေလာခဲ့သော မားယွင်းသည့် လားရာကို အခြေခံကျကျ ပြောင်းလဲနိုင်ရန် ယခုလက်ရှိ အာဏာရပါတီ၊ ဒီမိုကရေစီအတိုက်အခံများ၊ တိုင်းရင်းသားအုပ်စုများနှင့် တပ်မတော်တို့ ကျယ်ပြန့်သည့် မဟာမိတ်ဖွဲ့စည်းဆောင်ရွက်မှု လိုအပ်မည်ဖြစ်ကြောင်း ဖြစ်ပါသည်။ ဤကျယ်ပြန့်သည့် မဟာမိတ်ဖွဲ့စည်းခြင်းအားဖြင့် ဖက်ဒရယ်ဝါဒအသစ်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး (အနိမ့်ဆုံးအနေဖြင့်) ပြည်နယ်များတွင် တရားမျှတစွာ ရွေးချယ်တင်မြှောက်ခံရသည့် အုပ်ချုပ်ရေးမှူးများ (ပြည်နယ်ဝန်ကြီးချုပ်များ) နှင့် အဓိပ္ပါယ်ရှိသည့် ဘဏ္ဍာဝင်ငွေရင်းမြစ်တို့ ရှိစေရမည် ဖြစ်ပါသည်။ သို့မှသာ သူတို့၏ကိုယ်ပိုင်အရေးကိစ္စများစွာကို ဆောင်ရွက်နိုင်လိမ့်မည် ဖြစ်ပါသည်။ ယခုချဉ်းကပ်မှု အမြင်ပုံစံကို ကချင်ပြည်နယ်ရှိ ရေအားလျှပ်စစ်စီမံကိန်းများမှ ဘဏ္ဍာအရင်းအမြစ်များ ခွဲဝေမျှရေးကိစ္စ လေ့လာခြင်းမှ ရရှိလာခြင်းဖြစ်ပါသည်။ ဤကျယ်ပြန့်သော မဟာမိတ်ဖွဲ့စည်းမှုအပေါ် အခြေခံ၍ ဆောင်ရွက်သော နည်းလမ်းကို အခြားသဘာဝသယံဇာတများနှင့် ပတ်သက်၍ စောင့်ရှောက် ထိန်းသိမ်းရာတွင် လည်းကောင်း၊ အုပ်ချုပ်မှုပုံစံနှင့် ပတ်သက်၍ မေးခွန်းထုတ် ပြန်လည်သုံးသပ်ရာတွင်လည်းကောင်း ထို့နည်းတူချဲ့ထွင်စဉ်းစား နိုင်ပါသည်။

စာဖတ်သူအချို့ အနေဖြင့် ဤစာတမ်းတွင် ပါရှိသော အကြံပြုချက်များသည် ဖြစ်နိုင်ချေမရှိ၊ အလွန်အကျူး တင်ပြထားသည်ဟု ကန့်ကွက်ကောင်း ကန့်ကွက်ပါလိမ့်မည်။ သို့သော်သမ္မတကြီး နှင့် ဒေါ်အောင်ဆန်းစုကြည် တို့အကြား နိုင်ငံရေး ပွင့်လင်း လာခဲ့လိမ့်မည်ဟု မည်သည့် ကျွမ်းကျင်သူ ပညာရှင် ကမှ ကြိုတင် မမြင်ခဲ့ပါ။ အလားတူပင် ကြားဖြတ် ရွေးကောက်ပွဲများ အောင်မြင်ခဲ့လိမ့်မည်ဟူ၍ လည်းကောင်း၊ လွှတ်တော်တွင် NLD ပါတီသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်လာလိမ့်မည်ဟူ၍ လည်းကောင်း၊ ပညာရှင်များ ကြိုတင် မခန့်မှန်းနိုင်ခဲ့ပါ။ ဤစာတမ်းတွင် အဆိုပြုထားသော ပြုပြင်ပြောင်းလဲရေး ခြေလှမ်း အဆင့်များသည် မြန်မာနိုင်ငံ အောင်မြင်ရန်အတွက် လိုအပ်သည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။ ဤခြေလှမ်းများသည် အလွန်ကြီးမား၍ လက်တွေ့ အကောင်အထည်ဖော် ဖြစ်ပေါ်လာရန်မှာ မရေရာသော်လည်း ဖြစ်နိုင်ချေ အလွန်ရှိပါသည်။ အရေးပါသော အင်အားစု အဖွဲ့အားလုံးမှ သဘောတူပါလျှင်

---

[1] United Nationalities Federal Council (Union Of Burma)

[2] ဒါရွန် အေ့စ်မိုဂလူး (Daron Acemoglu) နှင့် ဂျိမ်းစ် ရော်ဘင်ဆင် (James Robinson) တို့ရေးသားသည့် Why Nations Fail ဟူသည့် စာအုပ်တွင် ဆင်းရဲသည့်နိုင်ငံများ၏ နိုင်ငံရေးနှင့် စီးပွားရေး ဦးတည်လားရာကိစ္စ၌ လူနည်းစုလွှမ်းမိုးသည့် နိုင်ငံရေးက အဆုံးဖြတ်ပေးပုံကို ဆွေးနွေးထားပါသည်။ စာမျက်နှာ ( ၄ ) တွင် ပုံနှင့်တကွ ၎င်းတို့၏ ဆွေးနွေးချက်အခြေခံကို ဖော်ပြထားပါသည်။ လစ်ဘရယ်မကျသည့် ဒီမိုကရေစီ (illiberal democracy) ဟူသည့် အမြင်ကို ဖာရိဒ် ဇကာကရိယားက ဆွေးနွေးတင်ပြခဲ့ပြီး၊ သူ၏ "လွတ်လပ်ခွင့်၏ အနာဂတ်-- ပြည်တွင်းနှင့် ပြည်ပနိုင်ငံများရှိ လစ်ဘရယ်မကျသည့် ဒီမိုကရေစီ (The Future of Freedom: Illiberal Democracy at Home and Abroad) စာအုပ်၌ ဆွေးနွေးထားသည်။ ရွေးကောက်ပွဲသည် လိုအပ်သော်လည်း၊ ရွေးကောက်ပွဲရှိရုံမျှဖြင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာရန် မသေချာ မလုံလောက်ကြောင်း၊ ဥပဒေနည်းကျ အုပ်ချုပ်ရေး (rule of law) နှင့် ဒီမိုကရေစီကျသော အဖွဲ့အစည်းစနစ်များ (democratic institutions) များ လိုအပ်သေးကြောင်း ဖော်ပြထားသည်။

ရှေ့ဆက်လျှောက်ရမည့် လမ်းကြောင်းသစ်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဤစာတမ်းတွင် တင်ပြထားသည့် နည်းလမ်းအတိုင်း မွမ်းမံပြုပြင်ရန် ဖြစ်နိုင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများ မပြုလုပ်ဘဲ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အသီးအပွင့်များကို ခံစားသော စည်းလုံးညီညွတ်သည့် ဒီမိုကရေစီနိုင်ငံ တစ်ခုအဖြစ် ရောက်လိမ့်မည် မဟုတ်ပါ။ ဤချဉ်းကပ်မှုပုံစံသည် ရှေ့သို့ဆက်သွားရန် နည်းလမ်းရှာကြံနေကြသူများအတွက်သာ ဖြစ်ပါသည်။ ပြင်ပနိုင်ငံမှ ပုဂ္ဂိုလ်များ၏ အကြံပြုချက်ဖြစ်ပြီး အတွေးအမြင်များကို နှိုးဆွကာ အပြုသဘော ရည်ရွယ်၍ အကြံပြုခြင်း ဖြစ်ပါသည်။ ယခုစာတမ်းတွင် မြန်မာနိုင်ငံ၏ ရှေ့သို့ ဆက်လက်ဖောက်ထွင်ရမည့် လမ်းသစ်ကို ပုံခင်းပြထားပါသည်။ အကောင်အထည်ဖော်ရာတွင် အခက်အခဲများစွာ ရှိနိုင်သည့်တိုင် ဖြစ်နိုင်ခြေရှိသော ချဉ်းကပ်မှု ဖြစ်ပါသည်။

## အတိတ်

မြန်မာနိုင်ငံရှိ ထိပ်သီးလူနည်းစု အများအနေဖြင့် မိမိတို့၏နိုင်ငံသည် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လိုက်လျှင် မည်သည့် အခြေအနေတွင် ရှိနေသည်ကို သိနိုင်ရန် ခက်ခဲပါသည်။ နှစ် ၅၀-ကျော် စစ်အုပ်ချုပ်ရေးကာလ၊ ညံ့ဖျင်းသည့် မူဝါဒများ နှင့် ကွက်ကျားဖြစ်ပေါ်နေသည့် ပဋိပက္ခများကြောင့် မြန်မာပြည်သူများမှာ ကမ္ဘာပေါ်ရှိ အောက်ဆုံးလူသန်း ၁,၀၀၀ ၏ အောက်ဆုံးတစ်ဝက်တွင် ကျရောက်နေရပါသည်။ နိုင်ငံတကာငွေကြေး ရန်ပုံငွေအဖွဲ့ (IMF) က ၂၀၁၁ ခုနှစ်အတွက် မြန်မာနိုင်ငံ၏ လူတစ်ဦးချင်းဝင်ငွေကို ခန့်မှန်းတွက်ချက်ခဲ့ရာ ၁,၃၂၅ ဒေါ်လာဟု ပုံနှိပ်ဖော်ပြခဲ့ပါသည်။ ၎င်းမှာကမ္ဘာ့နိုင်ငံ ၁၈၅ နိုင်ငံအနက် ၁၆၄ မြောက်နေရာတွင် ရှိနေပါသည်။ ၎င်းအောက်တွင်ရှိနေသည့် နိုင်ငံများ၏ ကမ္ဘာ့လူဦးရေမှာ ၅% မျှ သာ ရှိပါတော့သည်။ နောက်ဆက်တွဲ (၁) တွင် မြန်မာနိုင်ငံအနေဖြင့် ဤမျှနိမ့်ကျနေရသည့်အနေအထား ရှိနေရသည့် အကြောင်းအရင်းများကို ဆွေးနွေးတင်ပြထားပါသည်။ သို့သော်လည်း ယခုစာတန်းတွင် IMF ၏ ခန့်မှန်းတွက်ချက်မှုများ မှန်ကန်သည်၊ မြန်မာအစိုးရ၏ တရားဝင်သတင်းအချက်အလက်များ မတိကျဟု ယူဆထားပါသည်။ ၂၀၀၀ ခုနှစ်အပြီး ဆယ်စုနှစ်အတွင်း အမှန်တကယ်ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုး(Real GDP) ဖွံ့ဖြိုးမှုမှာ တစ်နှစ်လျှင် ၁၂% တိုးတက် ခဲ့သည်မှာ မဖြစ်နိုင်ပါ။ အလားတူပင် ဆန်ထုတ်လုပ်မှုမှာလည်း နှစ်စဉ်တန်ချိန် ၂၀ သန်းနီးပါး ရှိသည်ဆိုသည်မှာ မဖြစ်နိုင်ပါ။ စားနပ်ရိက္ခာထုတ်လုပ်မှု တစ်ဦးချင်းအတိုင်းအတာ ကျဆင်းနေသည့်ကာလနှင့် စားနပ်ရိက္ခာအတွက် အသုံးစားရိတ်အချိုး ပိုမိုသုံးစွဲနေရသည့်ကာလ၌ စားနပ်ရိက္ခာဆင်းရဲမှုနှုန်း ထက်ဝက်ကျဆင်းသွားခဲ့သည်မှာလည်း မဖြစ်နိုင်ပါ။[3] မြန်မာနိုင်ငံ သည် အစိုးရအုပ်ချုပ်မှုစနစ် ညွှန်းကိန်းများ (governance indicators) တွင်လည်း နိမ့်ကျနေပြီး၊ အခြားယုံကြည်ရသည့် ညွှန်းကိန်းများ (ဥပမာ လျှပ်စစ်အသုံးပြုမှု) တို့တွင်လည်း ကမ္ဘာပေါ်၌ အနိမ့်ဆုံးတွင် ပါဝင်နေပါသည်။

အကယ်၍ ဤသို့အမှန်တရားကို လက်ခံနိုင်ပြီဟုဆိုလျှင် ဆက်မေးရမည့်မေးခွန်းသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လျင်မြန်စွာ ဖြစ်ပေါ်လာရုံမျှသာမက ပို၍ အရည်အသွေးကောင်းမွန်သည့် ဖွံ့ဖြိုးမှု နှင့် နိုင်ငံရေးအပြောင်းအလဲများ ဖြစ်ပေါ်ရရှိ လာစေရန် မည်သို့ရှေ့ဆက်ကြမည်နည်းဟူ၍ပင် ဖြစ်ပါသည်။ သို့မှသာ နိုင်ငံကိုပိုမို စုစည်းညီညွတ်စေ၍ တိုးတက်ဖွံ့ဖြိုးမှုများ အကျယ်အပြန့် ဖန်တီး နိုင်မည် ဖြစ်ပေသည်။ ဤမေးခွန်းအတွက် အဓိကကျသည့် အဖြေမှာ လူအများကို ဖိနှိပ်ထားကာ သယံဇာတများကို ထုတ်ယူနေသည့်၊ သီးသန့်လူနည်းစုမှ လွှမ်းမိုးနေသည့်၊ လူနည်းစုသာ ကောင်းစားစေသည့် ခရိုနီစီးပွားရေးလုပ်ငန်းများမှနေ၍ ကျယ်ပြန့်စွာ လူအများပါဝင်ဆောင်ရွက်ခွင့် ရှိသည့် နိုင်ငံရေးစနစ်ဖြင့် စီးပွားရေးအခွင့်အလမ်းများကို မျှဝေဖြန့်ခွဲနိုင်ရန် ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။ ရွေးချယ်စရာလမ်းသည် အောက်တွင်ဖော်ပြထားသည့် ပုံကဲ့သို့ပင် "အရေးကြီးသည့် လမ်းဆုံလမ်းခွ" တွင်

[3] ၂၀၁၀ ခုနှစ် စာရင်းများအရ ဗီယက်နမ်နှင့် ထိုင်းနိုင်ငံတို့ရှိ စားနပ်ရိက္ခာ ဆင်းရဲချို့တဲ့မှုအဆင့်မှာ မြန်မာနိုင်ငံထက် အဆများစွာ ပို၍မြင့်မားနေပါသည်။ ၎င်းနှစ်နိုင်ငံမှာ မြန်မာနိုင်ငံထက် များစွာ ချမ်းသာ၍ ပိုမိုကောင်းမွန်သည့် လူမှုလုံခြုံရေးပိုက်ကွန် ရှိနေသည်။ စားနပ်ရိက္ခာ ဆင်းရဲချို့တဲ့မှုဆိုသည်မှာ လိုအပ်သည့် ကယ်လိုရီ အာဟာရပြည့်ဝစေရန် စားနပ်ရိက္ခာဝယ်ယူရမည့် ဝင်ငွေအဆင့်အတန်းကို တွက်ချက်ထားခြင်း ဖြစ်သည်။

ကျရောက်နေပါသည်။ ဤသို့သော လမ်းဆုံလမ်းခွတွင် ရဲရဲဝံ့ဝံ့ပိုင်းဖြတ်ကာ ကြီးမားသော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရန် လိုအပ်ပါသည်။ ပြုပြင်ပြောင်းလဲမှုများကို တဖြည်းဖြည်းချင်း (သို့မဟုတ်) တစ်ဆင့်ချင်းဆောင်ရွက်နေခြင်းနှင့်ပင် မလုံလောက်ပါ။ သမ္မတ၊ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၊ နှင့် ဝန်ကြီးများစွာမှ ခိုင်မာစွာဆုံးဖြတ်ခဲ့ပြီး လျင်မြန်စွာ နိုင်ငံရေးအရ ဖွင့်ပေးခဲ့သောကြောင့်သာ၊ ယခုလက်ရှိ လမ်းဆုံလမ်းခွမျိုးသို့ ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် ဖန်တီးရောက်ရှိလာခဲ့ခြင်း ဖြစ်ပါသည်။ ဤအပြောင်းအလဲများအတွက် လေ့လာနေသူ အများအပြား အံ့အားသင့်ခဲ့ကြရပါသည်။ သို့သော်လည်း ပြုပြင်ပြောင်းလဲမှုများသည် နိုင်ငံရေး ကဏ္ဍနယ်ပယ်တစ်ခုတည်းတွင် ရှေ့တိုးတက်နေရုံမျှဖြင့် မလုံလောက်ပါ။ ကျယ်ပြန့်သော နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများသည် လက်ချင်းဆက်ထားသည့်ပမာ အတူတကွ တပြိုင်နက်တည်း ဖြစ်ပေါ်နေရန် လိုအပ်ပါသည်။ ယခုတင်ပြဆွေးနွေးချက် သည် မြန်မာနိုင်ငံအတွက်မျှသာ မဟုတ်၊ နိုင်ငံအားလုံးအတွက် အကျုံးဝင်ပါသည်။

မြန်မာနိုင်ငံသည် ညာဘက်တွင် ဖော်ပြထားသည့် အကောင်းသံသရာ စက်ဝန်းသို့ဦးတည်နေသည့် သိသာထင်ရှားသော နိုင်ငံရေးခြေလှမ်း ပေါင်းများစွာ လုပ်ကိုင်ဆောင်ရွက်နေသော်လည်း၊ ချိန်ခွင်လျှာညီစေမည့်မူဝါဒများ - အထူးသဖြင့် စီးပွားရေးဆိုင်ရာ မူဝါဒများတွင်မူ သံယံဇာတများ ထုတ်ယူနေသော ခရိုနီ လူနည်းစု- သီးသန့်အုပ်စိုးမှုလားရာသို့ တိမ်းညွှတ်မှု ရှိနေပါသည်။ အာဏာပိုင်များနှင့် အဆက်အသွယ်ကောင်းသည့် စီးပွားရေးလုပ်ငန်းရှင်များက လွှမ်းမိုးခြယ်လှယ်နေဆဲ ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ထိရောက်စွာ စွမ်းဆောင်နိုင်စွမ်းမှာ နိမ့်ကျနေဆဲရှိပြီး၊ ကုန်ကျစားရိတ်များမှာလည်း မြင့်မားနေဆဲ ဖြစ်ပါသည်။ ပုဂ္ဂလိကပိုင်ဆိုင်မှုဆိုင်ရာ အခွင့်အရေးများ (property rights) မှာ အားနည်းနေပါသေးသည်။ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍတွင်လည်း ဒေသတွင်းရှိ အခြားနိုင်ငံများထက် နောက်ကျနေဆဲ ဖြစ်ပါသည်။ အသစ်ပြန်လည် ပေါ်ထွက်လာသည့် တိုင်းရင်းသားပဋိပက္ခများသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှုန်းကို နှေးကွေးစေပါသည်။ စီးပွားရေးအရ ပြုပြင်ပြောင်းလဲမှုများကို ရှေ့ဆက်၍ မလုပ်ဆောင်နိုင်ခြင်း၏ ဆိုးကျိုးရလာဒ်များမှာ စိုက်ပျိုးရေးကဏ္ဍတွင် အမြတ်ရနိုင်မှုအပေါ် ဖိအားများခြင်း၊ ဖွံ့ဖြိုးမှု နှေးကွေးနေစေခြင်း စသည်တို့တွင် ထင်ဟပ်ဖော်ပြနေပါသည်။ ကြွယ်ဝချမ်းသာမှု အကောင်းသံသရာစက်ဝန်းအတွက် ဖြစ်နိုင်ခြေရှိသည့် တစ်ခုတည်းသောလမ်းမှာ **ကျယ်ပြန့်သည့် မဟာမိတ်ဖွဲ့စည်းဆောင်ရွက်မှု**ပင် ဖြစ်ပါ သည်။ အစိုးရအတွင်းမှ ပြုပြင်ပြောင်းလဲရေး လိုလားသူ အင်အားစုများ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားပါတီများ၊ အတိုက်အခံပါတီများနှင့် ထောက်ခံအားပေးမှုရှိသည့် စီးပွားရေးလုပ်ငန်းရှင်ခေါင်းဆောင်များ အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ သို့ရာတွင် အင်အားစု အစုတိုင်းတွင် ပိုမိုကောင်းမွန်သော အနာဂတ်ထက် ရေရှည်မတည်တံ့နိုင်သော ပစ္စုပ္ပန်အခြေအနေကို ပို၍ လိုလားသော လူများရှိနေနိုင်သည့်အတွက် ယခုကဲ့သို့ အင်အားစု ပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရန်မှာ အလွန်ခက်ခဲပါသည်။

မဟာမိတ်အင်အားစု၏ အစိတ်အပိုင်းအားလုံးသည် အရေးကြီးပါသည်။ တပ်မတော်အနေဖြင့် ဆန္ဒရှိသလို ဝင်ရောက်စွက်ဖက်နိုင်သည့် အနေအထားတွင် ရှိနေသေးပြီး၊ ယခုအပြောင်းအလဲများသည် အမျိုးသားစည်းလုံးညီညွတ်ရေး ပို၍ခိုင်မာစေမည်ဖြစ်၍ တပ်မတော်အပေါ် အဖွဲ့အစည်း (အင်စတီကျူးရှင်း) တစ်ခုအနေဖြင့် အန္တရာယ်ရှိစေမည် မဟုတ်သည်ကို တိုက်တွန်း နားချရပါလိမ့်မည်။ ယခင်အစိုးရဟောင်းမှလာသည့် လက်ရှိအာဏာရပါတီသည် အစိုးရနှင့်လွှတ်တော်တွင်း နှစ်ခုလုံးတွင် ကိုယ်စားပြုမှုရှိနေသည့်အတွက် (အနည်းဆုံး) လာမည့်နှစ်အနည်းငယ်အတွက် အဓိကကျသည့် ဆုံးဖြတ်ချက်များ ချမှတ်ရမည်ဖြစ်ပြီး၊ နိုင်ငံရေးလမ်းကြောင်းမည်သည့်ဘက်သို့ ဦးတည်ရန်အပေါ်တွင် အဆုံးအဖြတ်ပေးရမည့် အခန်းကဏ္ဍမှ ရှိနေလိမ့်မည် ဖြစ်ပါသည်။ တိုင်းရင်းသားအုပ်စုများသည်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်နေပါသည်။ အကယ်၍ ၄င်းတို့က ဖိနှိပ်ခံထားရသည့် လူနည်းစုများအဖြစ် ဆက်လက်ရှိနေပြီး အရင်းအမြစ်သယံဇာတများကို လုယက်ယူငင်ခံနေရသည်ဟု ခံစားရပါက တင်းမာမှုများနှင့် ပဋိပက္ခများ ဆက်လက်ရှိနေမည်ဖြစ်သောကြောင့် သယံဇာတအရင်းအမြစ်များကို တပ်မတော်အတွက်သုံးစွဲနေခြင်းမှ၊ စီးပွားရေးဖွံ့ဖြိုးမှုအတွက် ပြောင်းရွှေ့သုံးစွဲမှုကိုလည်း ထိုတင်းမာမှုများက အဟန့်အတား ဖြစ်နေစေမည် ဖြစ်သည်။ ဒီမိုကရေစီအတိုက်အခံအင်အားစုများ - အထူးသဖြင့် NLD ပါတီနှင့် ဒေါ်အောင်ဆန်းစုကြည်တို့- က လူထုအများ၏ စိတ်ခံစားမှုကို ကိုယ်စားပြုနေကြပါသည်။ ၄င်းတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲများတွင် မည့်သူတို့နှင့် မဟာမိတ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မည်ကို ဆုံးဖြတ်ရမည် ဖြစ်သည်။ အဓိကကျသည့် အင်အားစုမှာ လူထုကြီးအများစုကို တိုက်တွန်းနားချနိုင်စွမ်းရှိသော ဒီမိုကရေစီအတိုက်အခံ အင်အားစုများဖြစ်ပါသည်။ ယခု မဟာမိတ်ဖွဲ့စည်းမှုသည် တရားဝင်လမ်းကြောင်းနှင့် ပြည်သူအများအတွက် လုပ်ကိုင် ဆောင်ရွက်နေကြောင်း နားချပြောဆိုနိုင်ကြပါလိမ့်မည်။ ယခုအတိုင်း ဆက်လက်ရပ်တည်နေပါက မည်သို့သော မျှတသည့် ရွေးကောက်ပွဲမျိုးတွင်မဆို ဒီမိုကရေစီအင်အားစုများမှ အနိုင်ရရှိမည် ဖြစ်ပါသည်။

မည်သည့်အတွက်ကြောင့် ဤမတူညီကွဲပြားအင်အားစုများ အချင်းချင်း ပူးပေါင်းဆောင်ရွက်သင့်ကြပါသနည်း။ သူတို့က မည်သည့်အတွက် လုပ်ကိုင်ဆောင်ရွက်သင့်ပါသနည်း။ မြန်မာနိုင်ငံကို ကျရှုံးမှုအတိတ်သမိုင်းဆိုးမှ ဆယ်ထုတ်နိုင်ရန်

ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်နေပါသည်။ ထိုမှုမက ပစ္စုပ္ပန်တွင် ပဋိပက္ခအတွင်းသို့ ကြောင်လိမ်လျှော့ခါးသဖွယ် တရစ်ရစ် ထိုးဆင်းနေသည့်အခြေအနေ၊ နောက်ဆုံးတိုင်းတစ်ပါး၏ သြဇာခံဖြစ်သွားနိုင်သည့် အခြေအနေမှ ကယ်ဆယ်ရန် ပူးပေါင်းဆောင်ရွက်မှု ပို၍ လိုအပ်နေပါသည်။ မြန်မာနိုင်ငံရှိ ထိပ်သီးလူနည်းစုများအနေဖြင့် ကြွယ်ဝမှုအတွက် အဓိကဝင်ငွေအဖြစ် သဘာဝရင်းမြစ်များကို မတရားထုတ်ယူနေခြင်းများ၊ ရောင်းချနေခြင်းများ ရပ်ဆိုင်းသင့်ပါပြီ။ လက်ရှိနည်းအားဖြင့် အောင်မြင်သည့် စီးပွားရေးစနစ်၊ လူမှုအသိုင်းအဝိုင်းကို မည်သည့်နည်းနှင့်မျှ ဖော်ဆောင်နိုင်လိမ့်မည် မဟုတ်ပေ။ ထိပ်သီးလူနည်းစုများအနေဖြင့် မဟာမိတ်ဖွဲ့စည်းမှု၊ စီးပွားရေးအခွင့်အလမ်းနှင့် တိုးတက်မှုများ ဖန်တီးပေးခြင်းဖြင့် နိုင်ငံရေး အရ လူအများပါဝင်ဆောင်ရွက်နိုင်ခွင့်အတွက် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ဤနစ်ချက်မှာ အပြန်အလှန် မှီခိုမှုရှိနေ ကြပါသည်။

## ဖက်ဒရယ်ဝါဒအသစ်သို့ ဦးတည်ပြောင်းလဲခြင်း

အမှန်တကယ် ငြိမ်းချမ်းရေးကို ဖန်တီးရန်နှင့် အတိတ်မှ ဖြစ်ရပ်ဆိုးများကို ပြင်ဆင်ရန် ဖက်ဒရယ်မူဝါဒ အသစ်မှတဆင့် အစပျိုးဆောင်ရွက်နိုင်ပါသည်။ ယခင်က ဆောင်ရွက်ခဲ့သော အပစ်အခတ် ရပ်စဲမှု သဘောတူညီချက်များကို ကျွန်းသစ်၊ သတ္တုနှင့် မူးယစ်ဆေး ရောင်းချမှုမှ ရရှိသော ဝင်ငွေများကို စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်များ အကြား ခွဲဝေရန်သာ သုံးခဲ့ကြပါသည်။ ဤသို့ ငွေနှင့်ပေးဝယ်ခဲ့သော အပစ်အခတ် ရပ်စဲမှု နည်းဖြင့် တစ်ဖိုလ်တစ်မင်း ပဒေသရာဇ် ဝါဒကို နိုးထစေပြီး သေနတ်ရှိသူတို့က ပြည်သူတို့ထံမှ အလိုရှိသမျှ အရာများနှင့် မြေယာများကို ရယူခဲ့ကြပါသည်။ ဤသို့သော အပစ်အခတ်ရပ်စဲရေးမှာ အဖြေမဟုတ်ဘဲ ပြဿနာ၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်နေစေပါသည်။ မိမိတို့ လိုအပ်နေသည်မှာ တရားမျှတသည့် ရွေးကောက်ပွဲများတွင် နိုင်ငံရေးပါတီများ ကိုယ်စားပြုယှဉ်ပြိုင်ရေး၊ ဒေသအုပ်ချုပ်ရေးမှူး (ဝန်ကြီးချုပ်) များကို ဒီမိုကရေစီနည်းကျ ရွေးချယ်တင်မြှောက်ရေး၊ ပြည်နယ်အစိုးရများ ထိရောက်စွာ လည်ပတ်နိုင်ရန် သယံဇာတများနှင့် အခြားဘဏ္ဍာဝင်ငွေများကို မျှဝေပေးရေးစသည်တို့ အပါအဝင် ဥပဒေနည်းကျအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ဖြစ်ပါသည်။ ဤသို့ အခြေခံမှအစ ကွဲပြားသည့် ချဉ်းကပ်လုပ်ဆောင်ချက်များကို "ဖက်ဒရယ်ဝါဒသစ်" ဟု ခေါ်ဆိုနိုင်ပါသည်။[4] "ဖက်ဒရယ်ဝါဒသစ်" ဆိုသည်မှာ အသစ်ဖြစ်ပါသည်။ အကြောင်းမှာ ဤဝါဒသစ်မှာ ခွဲထွက်ရေးအတွက် မတောင်းဆိုသလို၊ အမျိုးသားသွေးကွဲစေရေးကို လုံးဝ မဖြစ်ပေါ်စေပါ။ အမှန်မှာ ဖက်ဒရယ်ဝါဒသစ်သည် တည်ငြိမ်သည့် ဖွံ့ဖြိုးတိုးတက်မှုရှိသော နိုင်ငံတော် တည်ဆောက်ရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါသည်။ သို့မှသာ ပြည်နယ်များက ပြည်ထောင်စုတွင် ပါဝင်လိုစိတ် ရှိလာကြမည် ဖြစ်ပါသည်။ ဖက်ဒရယ်ဝါဒသစ်ဆိုသည်မှာ ငြိမ်းချမ်းမှုကို အသုံးချလျက် အများသဘောတူညီမှုကို ရယူကာ စည်းလုံးသော နိုင်ငံတစ်ခု တည်ဆောက်ခြင်း ဖြစ်ပါသည်။ ဖက်ဒရယ်ဝါဒသစ်အောင်မြင်ရေးတံခါးအတွက် သော့ချက်များမှာ နိုင်ငံတော်မူဘောင်အတွင်း သိသာထင်ရှားပြီး အဓိပ္ပါယ်ရှိသည့် ဒေသန္တရကိုယ်ပိုင်အုပ်ချုပ်မှုနှင့် သယံဇာတများမှ ဘဏ္ဍာဝင်ငွေများကို ဗဟိုအစိုးရနှင့် ခွဲဝေမျှတမှု တို့ဖြစ်ပါသည်။ ဖက်ဒရယ်ဝါဒသစ်အတွက် စစ်မှန်သော ဒီမိုကရေစီစနစ်နှင့် ပြည်နယ်အစိုးရများတွင် ယုံကြည်စိတ်ချမှု ရှိရန် လိုအပ်ပါသည်။ "ဖက်ဒရယ်ဝါဒသစ်" နှင့် ပတ်သက်၍ ပါဝင်မှုရှိမည့် အစိတ်အပိုင်းအချို့ကို အောက်တွင် ဖော်ပြထားပါသည်။

[4] ယခုအမြင် အိုင်ဒီယာမှာ တိုင်းရင်းသားဒေသများသို့ သွားရောက်လည်ပတ်ရန် တောင်းဆိုချက်နှင့် ဖွံ့ဖြိုးမှုကို အရှိန်အဟုန်မြှင့်နိုင်ရန်၊ ထာဝရ ငြိမ်းချမ်းရေး ရရှိရန် လုပ်ဆောင်ရမည့် မူဝါဒကို ဖော်ထုတ်သတ်မှတ်ပေးရန် တောင်းဆိုမှုမှ ပေါ်ထွက်လာခြင်း ဖြစ်ပါသည်။ အထူးသဖြင့် ကချင်ပြည်နယ်ရှိ ရေအား လျှပ်စစ်များကိစ္စ လေ့လာမှုမှ ယခု တင်ပြမှုအသစ်အတွက် စေ့ဆော် စဉ်းစားမိလာခြင်း ဖြစ်ပါသည်။ အဆိုပြုမှုတွင် ကချင်ပြည်နယ်၊ ကျန်ပြည်နယ်များ၊ နှင့် ဗဟိုအစိုးရတို့အကြား ဘဏ္ဍာဝင်ငွေ ခွဲဝေရန် တင်ပြထားပါသည်။

| | | |
|---|---|---|
| လိုအပ်ချက်များ (၁)<br>စီးပွားရေးပြုပြင်ပြောင်းလဲမှု<br>၁။ စီးပွားဖွံ့ဖြိုးရေးမဟာဗျူဟာကို မြှင့်တင်ဆောင်ရွက်ရန်။<br>၂။ ဖြစ်ထွန်းနေသည့် လက်ဝါးကြီးအုပ်မှုများကို ကာကွယ်ရန်။<br>၃။ လက်လုပ်လက်စားငယ်များကို အခြေခံသည့် မူဝါဒကို ဖွံ့ဖြိုးစေရန်။ (အမျိုးသားမြေယာဥပဒေနှင့် သဘာဝဝန်းကျင် ဥပဒေများကို ပြင်ဆင်ရန်။)<br>၄။ အတိတ်ကာလ ခနစုဆောင်းကြွယ်ဝမှုများ ကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်။<br>၅။ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများကို ကြံ့ခိုင်အောင် ဆောင်ရွက်ရန်။ | နိုင်ငံတော် တည်ဆောက်ရန်<br>အတွက်<br>ဖက်ဒရယ်ဝါဒအသစ် | လိုအပ်ချက်များ (၂)<br>၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြန်လည်ပြင်ဆင်ရန်<br>၁။ စစ်ရေးနှင့် အရပ်သား အာဏာချိန်ခွင်လျှာ ပြန်လည် ချိန်ညှိရန်။<br>၂။ ပြည်နယ်ဝန်ကြီးချုပ်များအတွက် ရွေးကောက်ပွဲကျင်းပရန်။<br>၃။ နိုင်ငံသား အဓိပ္ပါယ်ဖွင့်ဆိုချက် ကို ပြန်လည်ပြင်ဆင်ဖြည့်စွက်ရန်။<br>၄။ တရားလွှတ်တော်ချုပ်ကို ကြံ့ခိုင်အောင် ဆောင်ရွက်ရန်။<br>၅။ အချိုးကျ ကိုယ်စားလှယ်စနစ် ကျင့်သုံးရန်။ |

| မြေယာ | သဘာဝရင်းမြစ် | ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးစနစ် | လုံခြုံရေး |
|---|---|---|---|
| မြေယာဥပဒေနှင့် မြေသိမ်းယူထားမှုများကို အောက်ပါတို့တွင် အခြေခံ၍ ပြန်လည် အပ်နှင်းစေရန်<br><br>၁။ သမိုင်း<br><br>၂။ ထုတ်လုပ်နိုင်စွမ်း<br><br>၃။ ပိုင်ဆိုင်သူ၏ နိုင်ငံရေးဩဇာ<br><br>၄။ ဖြတ်တောက်လျှော့ပေးမှုများ ရှိသည့် မြေယာအခွန်များ<br><br>၅။ အခြားနည်းနာဖြင့် လျော်ကြေးပေးမှုကို မြေကွက်ငယ်များဖြင့် စမ်းသပ်လုပ်ဆောင်ကြည့်ခြင်း | ၁။ သဘာဝအရင်းအမြစ်မှ အသားတင်ရငွေကို တွက်ချက်ခြင်း = ရောင်းချမှု - ကုန်ကျစားရိတ်<br><br>၂။ သဘာဝဝန်းကျင်ထိခိုက်မှုဆိုင်ရာ ကုန်ကျမှုများ ထည့်သွင်းစဉ်းစားခြင်း<br><br>၃။ ပိုင်ဆိုင်သူများ၊ ဗဟိုအစိုးရ နှင့် ပြည်နယ်အစိုးရများအကြား အသားတင် အမြတ်ငွေကို ခွဲဝေရန် | ၁။ ပြည်နယ်ဝန်ကြီးချုပ်များ(governors) အတွက် ၂၀၁၄ ခုနှစ် ရွေးကောက်ပွဲ<br><br>၂။ ရှင်သန်လှုပ်ရှားနေသော နိုင်ငံရေးပါတီများ - ဝင်ရောက်ခွင့် အတွက် ကန့်သတ်ထားချက် မရှိစေရ။<br><br>၃။ ပြည်သူ ဘဏ္ဍာရေး စနစ် - ပြည်နယ်များအတွက် ဘဏ္ဍာငွေ နှင့် သယံဇာတ အရင်းအမြစ်များ ဝေမျှခံစားခြင်း<br><br>၄။ အခြေခံ အဆောက်အဦနှင့် ပေါင်းစည်းမှု ဖြစ်ပေါ်လာစေရေး ရင်းနှီးမြှုပ်နှံမှုများ<br><br>၅။ ကန့်သတ်မှုရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသများ- မဲပေးပိုင်ခွင့်နှင့်အတူ သီးခြားခွဲခြားထား သည့် ဘဏ္ဍာငွေ ခွဲဝေမျှသည့် စနစ် | ၁။ ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေး<br><br>၂။ တပ်မတော်ကို ပေါင်းစည်းဖွဲ့စည်းရေး နှင့် အစစ်အမှန် ဖြစ် သည့် ရဲတပ်ဖွဲ့<br><br>၃။ သက်ကြီးစာတတ်မြောက်မှု အပါအဝင် လူမှုလုံခြုံရေး ပိုက်ကွန်<br><br>၄။ သယ်ယူပို့ဆောင်ရေး ကုန်ကျစားရိတ်များ လျှော့ချရန်။ သို့မှသာ ပြည်နယ်များ၏ စီးပွားရေးသည် နိုင်ငံတစ်ခုလုံး၏ စီးပွားရေးတွင် ပေါင်းစည်းမိစေမည် ဖြစ်သည်။ |

ယခု "ဖက်ဒရယ်ဝါဒသစ်" ကို ပံ့ပိုးပေးရန် စီးပွားရေးမူဝါဒများလည်း လိုအပ်ပါသည်။ ပထမအချက်အနေဖြင့် အလျင်အမြန် စီးပွားဖွံ့ဖြိုးတိုးတက်မှု ရှိရမည် ဖြစ်ပြီး၊ စီးပွားရေးဖွံ့ဖြိုးမှု မရှိပါက မဟာမိတ်အင်အားစုကို ဆက်လက်တည်မြဲအောင် ထိန်းသိမ်းထားရန် ခက်ခဲမည် ဖြစ်ပါသည်။ ကုန်ဈေးနှုန်းများကို မြင့်မားစေသည့် လက်ဝါးကြီးအုပ်မှုများကို ဖြိုခွဲဖျက်သိမ်း၍ ၎င်းစနစ်မျိုးကို ရှောင်ရှားသင့်ပါသည်။ အထူးသဖြင့် အဓိကကျသည့် ဝန်ဆောင်မှုကဏ္ဍများ ဖြစ်သည့် ဘဏ်လုပ်ငန်း၊ ဆောက်လုပ်ရေး၊ တယ်လီကွန်မြူနီကေးရှင်းကိစ္စများတွင် ဖြစ်သည်။ မြေအနည်းငယ် ပိုင်ဆိုင်ကြသည့် လယ်သမားများ

အတွက် ပို၍လုံခြုံမှု ရှိစေရပါမည်။ သဘာဝရင်းမြစ် ထုတ်ယူနေကြသူများ အနေဖြင့်လည်း ဗဟိုအစိုးရအတွက်တင်သာမက ပြည်နယ်အစိုးရအတွက်ပါ အခွန်ပေးဆောင်ရန်လိုအပ်သည့်အပြင် သဘာဝပတ်ဝန်းကျင်ကို ဘေးဖြစ်စေသော ရင်းနှီးမြှုပ်နှံမှုများ နှင့် ညစ်ညမ်းမှုကို ဖြစ်စေသော ထုတ်လုပ်မှုများကို ထိန်းချုပ်ရှောင်ရှားရမည်။ နောက်ဆုံးအနေဖြင့် ပြီးခဲ့သည့် ဆယ်စုနှစ် နှစ်စုအတွင်း စုဆောင်းခဲ့သည့် ကြွယ်ဝမှုများနှင့် ပတ်သက်၍ မည်သို့ဆောင်ရွက်ရမည်ကို ဆုံးဖြတ်ချက် ချမှတ်ရပါလိမ့်မည်။ မသမာသောနည်းဖြင့် ကြွယ်ဝခဲ့သူများမှ ရှေ့ဆက်၍ ထိုနည်းလမ်းကို စွန့်လွှတ်လျှင်သော်လည်းကောင်း၊ သယံဇာတ ထုတ်ယူမှုများကို လျော့ချလျှင်သော်လည်းကောင်း သဘောတူညီပါက ၄င်းတို့အား လွတ်ငြိမ်းချမ်းသာခွင့် အတိုင်းအတာ တစ်ခုထိ ပေးရန် လိုအပ်ကောင်း လိုအပ်နိုင်ပါသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေအတွက် ညှိနှိုင်း၍ ပြုပြင်ပြောင်းလဲခြင်းများ အပါအဝင် နိုင်ငံရေးနှင့် ဥပဒေကြောင်းအရ အပြောင်းအလဲများလည်း လိုအပ်ပါသည်။ သမ္မတဦးသိန်းစိန် ကျမ်းသစ္စာကျိန်ဆိုပွဲ မိန့်ခွန်းတွင် ပြောကြားခဲ့သကဲ့သို့ပင် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ပါက ဖွဲ့စည်းပုံအခြေခံဥပဒေပြောင်းလဲခြင်းသည် အပ်နှင်းထားသည့် အခွင့်အရေးတစ်ရပ်ဖြစ်ပါသည်။ အကယ်၍ အဖွဲ့အားလုံးနှင့် ညှိနှိုင်းဆွေးနွေးမှုများမှ လုံလောက်သော သဘောတူညီမှုများ ရရှိလာပါက မည်သို့ပြုပြင်ပြောင်းလဲမှုပြု၍ ဖက်ဒရယ်ဝါဒအသစ်ကို မြှင့်တင်ဆောင်ရွက်ကြပါမည်နည်း။ ပြုပြင်ရန်လိုအပ်သော အပြောင်းအလဲများမှာ - အရပ်ဘက်နှင့် စစ်ဘက်တို့၏ အာဏာချိန်ခွင်လျှာ ပြန်၍ချိန်ညှိခြင်း (ဥပမာအားဖြင့်- စစ်တပ်က စွက်ဖက်ခွင့်မရှိစေရေး)၊ နိုင်ငံသားဖြစ်တည်မှုအပေါ် ပြန်လည်အဓိပ္ပါယ်ဖွင့်ဆိုသည့် ဥပဒေတစ်ခု[5]ပြဌာန်းခြင်း၊ ပြည်နယ်ဝန်ကြီးချုပ်များ တင်မြှောက်မှုနှင့် ပတ်သက်သော ရွေးကောက်ပွဲများ ကျင်းပရန် ပြဌာန်းချက်တစ်ခုထားရှိခြင်း နှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဗဟိုအစိုးရအကြား နိုင်ငံရေးအာဏာနှင့် ယုံကြည်စိတ်ချမှု ချိန်ခွင်လျှာ ပြန်၍ချိန်ညှိခြင်း စသည်တို့ ပါဝင်ပါသည်။ ရှင်သန်တက်ကြွသော နိုင်ငံရေးပါတီများ ဖွံ့ဖြိုးစေရန်နှင့် အချင်းချင်း တရားနည်းလမ်းတကျ ယှဉ်ပြိုင်မှုများကို အားပေးရန်အတွက် ပြည်သူ့လွှတ်တော်တွင် အချိုးကျ ကိုယ်စားပြုမှု (Proportional Representation) ကျင့်သုံးရန် တိုက်တွန်းလှုပ်ရှားမှု တစ်ခုလည်း လိုအပ်ပါသည်[6]။ ဤအချက်များသည် အရေးပါသည့်အပြောင်းအလဲများ ဖြစ်သော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်တစ်ရပ် မလိုအပ်ပါ။ ဖြည့်စွက်ပြင်ဆင်ခြင်းမျှသာ လိုပါသည်။ ဤအချက်များကို ညှိနှိုင်းတိုင်ပင် ဆွေးနွေးရန်လိုအပ်ပြီး စစ်တပ်၏ အရေးပါသည့် ပုဂ္ဂိုလ်များကလည်း သဘောတူညီရပါလိမ့်မည်။

## ဖက်ဒရယ်ဝါဒအသစ် အတွေးအမြင်နှင့် ပတ်သက်သော ပြဿနာများ

ဖက်ဒရယ်ဝါဒအသစ်နှင့်ပတ်သက်သော ယေဘုယျတွေးမြင်ချက်အပေါ် ပြဿနာကိစ္စများစွာမှ ရှုပ်ထွေးမှုများ ဖြစ်ပေါ်စေနိုင်ပါသည်။

အာဏာရှင်စနစ်အဟောင်းမှ နောက်အာဏာရှင်စနစ်အသစ် သို့ ပြောင်းလဲခြင်းကြောင့် နိုင်ငံရေးချိန်ခွင်လျှာ လှုပ်ခတ်မှု ဖြစ်ပေါ်စေခဲ့သော လက်ရှိနိုင်ငံရေးအခြေအနေမှာ အဓိကပြဿနာ ဖြစ်ပါသည်။ ၂၀၁၀ ရွေးကောက်ပွဲများတွင် မှားယွင်းမှုများ ရှိခဲ့သည်။ အစိုးရနှင့် ပြည်သူ့လွှတ်တော်သည်လည်း ပေါ်လစီမူဝါဒများကို ပိုင်နိုင်စွာ ဆောင်ရွက်နိုင်ခြင်း

[5] နိုင်ငံသားဖြစ်တည်မှုနှင့် ပတ်သက်သော ဥပဒေပြင်ဆင်မှုတွင် အပိုင်း နှစ်ပိုင်း ပါဝင်ပါသည်။ ပထမပိုင်းအနေဖြင့် ယခုလက်ရှိ အသုံးပြုနေသော ပိုမိုတင်းကြပ်သည့် ဦးနေဝင်း/နဝတခေတ်မှ နိုင်ငံသားဖြစ်တည်မှုအဓိပ္ပါယ်ဖွင့်ဆိုချက်ကို စွန့်၍၊ လွတ်လပ်ရေးရချိန်တွင် အသုံးပြုခဲ့သော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ပြန်လည်အသုံးပြုခြင်း ဖြစ်သည်။ ဒုတိယပိုင်းမှာ နိုင်ငံခြားသားနှင့် လက်ထပ်ထားသူ (သို့) လက်ထပ်ထားခဲ့သူ မြန်မာနိုင်ငံသားများအား ရွေးကောက်ပွဲဝင်ခွင့်ပေးခြင်းဖြစ်ပါသည်။

[6] သေချာစွာသုံးသပ်တင်ပြထားသော ၂၀၁၃ ဇန်နဝါရီလ ၃၁ရက်၊ SSRC Conflict Prevention and Peace Forum မှ ရစ်ချတ်ဟောစီ (Richard Horsey) ၏ "Shifting to a Proportional Representation Electoral System in Myanmar" စာတမ်းကို ဖတ်ရှုပါ။

မရှိသေးပါ။ ဥပဒေရေးရာ ဆောင်ရွက်ချက်များကို တားဆီးနိုင်သော အင်အားစု တစ်ရပ်အဖြစ် တပ်မတော်မှ ပြည်သူ့လွှတ်တော်အတွင်း တည်ရှိနေပါသည်။ ထို့အပြင် စစ်တပ်များ၏ လှုပ်ရှားမှုများနှင့် ရာထူးခန့်ထားမှုများအပေါ်တွင် တပ်မတော်မှ လွှမ်းမိုးမှု ရှိဆဲဖြစ်ပါသည်။ ပုံမှန် ဘဏ္ဍာရေး စီမံခန့်ခွဲမှုအောက်တွင် မပါဝင်သော အထူးရန်ပုံငွေ တစ်ရပ်လည်း တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင် ရှိပါသည်။ ထို့ကြောင့် တပ်မတော်အနေဖြင့် အချို့ပေါ်လစီ မူဝါဒများအပေါ် ထိရောက်စွာ ထိန်းချုပ်နိုင်စွမ်းရှိသကဲ့သို့ ၎င်းတို့၏ အကျိုးစီးပွားကို ကောင်းမွန်စေသော အချို့မူဝါဒများကို ချမှတ်ရန်လည်း တွန်းအားပေးနိုင်စွမ်းရှိပါသည်။

ဒုတိယတစ်ချက်မှာ လက်ရှိဖြစ်ပွားနေသော ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုများ ဖြစ်ပါသည်။ လူမှုအသိုက်အဝန်းများ အချင်းချင်း အကြမ်းဖက်မှုများ ပေါ်ပေါက်နေစဉ်ကာလ၌ ကျင်းပသည့်ရွေးကောက်ပွဲများမှ လက်ခံနိုင်သည့် ရလာဒ်များ ပေါ်ထွက်မလာတတ်ပါ။ အခြေအနေများ တည်ငြိမ်သည်အထိ ဗဟိုထိန်းချုပ်မှု လိုအပ်ပါလိမ့်မည်။ အမှန်တွင် စစ်တပ် တည်ရှိနေရန် လို အပ်ပါသည်။

တတိယတစ်ချက်မှာ အသစ်ဖွဲ့စည်းထားသည့် ပြည်နယ်များအတွင်း၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို မည်သို့ ဆက်ဆံစီမံပါမည်နည်းဟူသည့် မေးခွန်းပင်ဖြစ်သည်။ ချဉ်းကပ်မှုတစ်ခုမှာ ၎င်းဒေသများရှိ ပြည်သူများအား ၎င်းတို့၏ဒေသကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (သို့) "ပုံမှန်"ဒေသအဖြစ် ဆက်တည်ရှိသင့်မရှိသင့်နှင့် ပတ်သက်သော မဲဆန္ဒပေးခွင့်ပြုခြင်းပင်ဖြစ်သည်။ "ပုံမှန်" အဆင့်အတန်းဟူသည့် စေ့ဆော်မှုမက်လုံးကို ဖန်တီးနိုင်ပါလျှင်၊ ပြည်နယ်၏ ဘဏ္ဍာရေးအသုံးငွေများကို ၎င်း"ပုံမှန်"ဒေသများသို့ ပိုမိုလွှဲပြောင်း သုံးစွဲနိုင်လျှင်၊ ၎င်းကိုယ်ပိုင်အုပ်ချုပ်ခွင့် ရနေသည့် ဒေသများသည် သူတို့၏ပြည်နယ်များအတွင်း "ပုံမှန်" ဒေသများအဖြစ် နောက်ဆုံး ပေါင်းစည်းလာကြဖွယ် ရှိပါ သည်။ (ပုံမှန် သယံဇာတ အရင်းအမြစ်များမှ ဘဏ္ဍာဝင်ငွေများအပေါ် အခွန်ကောက်ခံခြင်း၊ အချို့ကို ပြည်နယ်သို့လွှဲပြောင်း ပေးခြင်း...စသည်ဖြင့် ဆောင်ရွက်နိုင်ပါက ကန့်သတ်မှုရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဖြစ် ဆက်လက်၍ ပြုမူ နေခြင်းများအတွက် စေ့ဆော်မှုများကိုလည်း လျှော့နည်းကျဆင်းလာစေမည် ဖြစ်သည်။) အဓိကထားတင်ပြလိုသည့် အချက်မှာ ဆွေးနွေးညှိနှိုင်း၍ ရွေးချယ်ခွင့်များ အပ်နှင်းခြင်းဖြစ်ပြီး ဤဒေသများအပေါ်၌ သူတို့မလိုချင်သည့်ကိစ္စများကို အတင်းအကျပ် ချမှတ်ခြင်း မဟုတ်ပါ။

စတုတ္ထပြဿနာမှာ ပြည်နယ်အများစုနှင့် တိုင်းရင်းသားနိုင်ငံရေးပါတီအများစုအနေဖြင့် ကန့်သတ်မှုရှိသည့် ကိုယ်ပိုင်အုပ်ချုပ်မှု (limited autonomy) နှင့်သက်ဆိုင်သော ဖွဲ့စည်းမှုစနစ်(အင်စတီကျူရှင်း)ဆိုင်ရာအစီအစဉ်များကို မည်သို့ အတိအကျ စီစဉ်မည့်အပေါ် အလေးထားစဉ်းစားမှု မပြုနေကြခြင်းပင် ဖြစ်သည်။ မည်သည့်လွှဲပြောင်းမှုတွင်မဆို မလွှဲပြောင်းမီ ဆွေးနွေးညှိနှိုင်း၍ အပေးအယူပြုမှုများကို အလျင်ဦးစွာပြုလုပ်ရန်လိုပါသည်။ ရွေးကောက်ပွဲများ ကျင်းပရုံမျှဖြင့် ရလာဒ်ကောင်းများရမည် သို့မဟုတ် အစိုးရကောင်းဖြစ်မည်ဟု အသေအချာတပ်အပ်မပြောနိုင်ပါ။ ထို့ကြောင့် ဒေသအတွင်းရှိ ကိစ္စရပ်အမြောက်အမြားနှင့် ပတ်သက်သော လုပ်ငန်းဆောင်တာတာဝန်များနှင့် ထိန်းချုပ်ခွင့်များသည် ဒေသခံပြည်နယ်အစိုးရလက်ဝယ်တွင် ရှိနေရန်မှာ အလွန်အရေးကြီးပါသည်။ ၎င်းတို့အနေဖြင့် မည်သည့် ဒေသန္တရဥပဒေများ ပြဋ္ဌာန်းကျင့်သုံးမည်၊ မည်သည့်အစိုးရပုံစံထားမည်၊ မည်သည့်ဘာသာစကား အသုံးပြုမည် အစရှိသည်တို့ကို "ရှင်ဘုရင်နှင့်ညှိနှိုင်းခြင်း" ပြုလုပ်ရန်လိုလိမ့်မည် မဟုတ်ပါ။ သို့သော် ပြည်နယ်ရွေးကောက်ပွဲများ မကျင်းပမီ မည်သည့်ကိစ္စရပ်များက ပြည်နယ်အစိုးရ၏ ထိန်းချုပ်မှုအောက်တွင်ရှိသည်၊ မည်သည့်ကိစ္စရပ်များက အမျိုးသားလုံးဆိုင်ရာ ပြည်ထောင်စုဥပဒေများနှင့် ဆီလျော်ညီညွတ်မှုရှိရန်လိုသည် (ဥပမာ - မြေယာပိုင်ဆိုင်မှုနှင့် ပတ်သက်သော ကိစ္စရပ်များ) အစရှိသည်တို့ကို ညှိနှိုင်း၍ တိကျသေချာစွာ မြေပုံရေးဆွဲသည့်သဖွယ် ကြိုတင်ပြင်ဆင်ရန် လိုသည်။ ပါတီများသည် ရွေးကောက်တင်မြှောက်ခံခဲ့ရပါက မည်သည့်ကိစ္စများသည် ၎င်းတို့လုပ်ပိုင်ခွင့်အောက်တွင် ရှိသည်၊ မည်သည်တို့ကမရှိ ဆိုသည်ကို ဂဃနဏ သိရမည်ဖြစ်သည်။

ပဋိပက္ခမပြသနာမှာ ပြည်နယ်ရွေးကောက်ပွဲများကို လက်နက်ကိုင်တပ်ဖွဲ့များ၊ ဂိုဏ်းများက ဗိုလ်ကျစိုးမိုးမှုကင်းစွာ မည်သို့ လွတ်လပ် တရားမျှတစွာ ကျင်းပနိုင်မည်နည်း ဟူ၍ ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ရန်အတွက် ပြင်ပမှ ရွေးကောက်ပွဲ စောင့်ကြည့်သူများ လိုအပ်ပြီး၊ ကုလသမဂ္ဂက ၎င်းအခန်းကဏ္ဍအတွက် စွမ်းဆောင်နိုင်ပါလိမ့်မည်။ အမှန်တကယ်ဘဏ္ဍာ ဝင်ငွေများ ပြည်နယ်အစိုးရများအတွက် ရရှိလာပါလျှင် ပြည်နယ်အစိုးရ ရာထူးတာဝန်များအတွက် ပြင်းထန်သည့်ပြိုင်ဆိုင် မှုများ ရှိလာလိမ့်မည် ဖြစ်ပါသည်။ သို့သော် ရိုးသားဖြူစင်သည့်၊ အကြမ်းမဖက်သည့် ပြိုင်ဆိုင်မှုများ ဖြစ်စေရန် အရေးကြီး ပြီး သို့မှသာ အသစ်ပေါ်ထွန်းလာသည့်ပြည်နယ်များအတွက် အခွင့်အလမ်းသစ်ပေးဆောင်နိုင်လိမ့်မည် ဖြစ်ပါသည်။

အခြားသော ရှုပ်ထွေးသည့်ပြဿနာများနှင့် အသေးစိတ်ကိစ္စများရပ်များကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်နေသေးသည်။ သို့သော် ခြုံငုံဦးတည်၍သွားရမည့်လမ်းစဉ်မှာ နိုင်ငံတော်ဖွဲ့စည်းပုံအတွင်း အဓိပ္ပါယ်ရှိသည့် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရများ သိသာထင်ရှားစွာ ပေါ်ပေါက်လာအောင် ဆောင်ရွက်ရန် နှင့် သယံဇာတမှရသော ဘဏ္ဍာငွေကို ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရကြား ဝေမျှလာအောင် ဆောင်ရွက်ရန် ဖြစ်ပါသည်။ ကျွန်ုပ်တို့စိတ်ကူးပုံဖော်မျှော်မှန်းသော ဖက်ဒရယ်ဝါဒအသစ်သည် ပြည်နယ်များတွင် စစ်မှန်သော ဒီမိုကရေစီရှိရန် လိုအပ်ပါသည်။ ကောင်းမွန်စွာလည်ပတ်နေသော စစ်မှန်သောဒီမိုကရေစီသို့ ပြောင်းလဲရန်အတွက် "ဖက်ဒရယ်ဝါဒအသစ်" သည် နိုင်ငံရေး စီးပွားရေး ပြုပြင်ပြောင်းလဲမှုများ၏ တစ်စိတ်တစ်ဒေသအဖြစ် ပါဝင်ရပေမည်။

## ဖက်ဒရယ်ဝါဒအသစ်အားဖြင့် လစ်ဘရယ်မဆန်သည့် ဒီမိုကရေစီစနစ်ကို ရှောင်ရှားနိုင်ခြင်း

ဖက်ဒရယ်ဝါဒအသစ်ဖြင့် ဆက်လက်ချီတက်ကြရန် ယခုအကြံပြုချက်သည် ရည်ရွယ်ချက်ကြီးမားလွန်းပြီး လက်တွေ့မဖြစ် နိုင်ဟု ယူဆကြပါလိမ့်မည်။ သို့သော်လည်း ဒေါ်အောင်ဆန်းစုကြည် [7] အပေါ် အကြီးအကျယ် လူထုထောက်ခံနေခြင်းနှင့် NLD ပါတီနှင့်အတူ သူကပါ ပူးပေါင်းဆောင်ရွက်ရန် ဆန္ဒရှိနေကြခြင်းကြောင့် ယခုအိုင်ဒီယာ အမြင်မှာ လက်တစ်ကမ်းသာ ရှိနေသည်ဟု ဆိုချင်ပါသည်။ မည်သို့ပင်ဖြစ်စေ ကျယ်ပြန့်သော မဟာမိတ်ဖွဲ့.မှုကို အားပြုသော ချဉ်းကပ်မှုပုံစံကို ထောက်ခံသော၊ မကြာသေးမီက ဖြစ်ပေါ်ခဲ့သော သတိပြုစရာနမူနာများ လည်း ရှိနေပါသည်။ တစ်ပါတီတည်းကသာ ထိန်းချုပ်လွှမ်းမိုးပြီး ထိရောက်သည့် အာဏာချိန်ခွင်လျှာ ထိန်းချုပ်မှုအနည်းငယ်သာရှိခဲ့မည်ဆိုပါက ထွက်ပေါ်လာသည့်ရလာဒ်မှာလည်း ကောင်းမည်မဟုတ်ပါ။ တောင်အာဖရိကနိုင်ငံတွင် ပြုပြင်ပြောင်းလဲမှုကာလအတွင်း အာဏာရရှိခဲ့သော အာဖရိကအမျိုးသားကွန်ဂရက် (ANC)မှ နိုင်ငံရေးကို လုံးဝထိန်းချုပ်ခွင့်ရခဲ့သည့်တိုင်အောင် နိုင်ငံကို ရှေ့သို့ ဆက်လက်တိုးတက်ရန် မစွမ်းဆောင်နိုင်ခဲ့ပါ။[8] အကယ်၍ နိုင်ငံရေးအရ ပို၍ပြိုင်ဆိုင်မှုများ ရှိခဲ့ပါက၊ မဲဆန္ဒရှင်များ ၏ စည်းကြပ်မှုသည်လည်း ညံ့ဖျင်းသောအုပ်ချုပ်မှုအပေါ် ပို၍ထိရောက်စွာစည်းကြပ်နိုင်ဖွယ် ရှိပါသည်။ မြန်မာနိုင်ငံအနေအထားအရ ဖက်ဒရယ်ဝါဒသစ်ဖြင့် ရှေ့သို့ဆက်လက်ချီတက် နိုင်မည်ဆိုပါလျှင်၊ တိုင်းရင်းသားနိုင်ငံရေး ပါတီများ ပို၍လှုပ်ရှားရှင်သန်လာဖွယ်ရှိပြီး၊ ၎င်းပါတီများ၏ပါဝင်မှု၊ အချင်းချင်းယှဉ်ပြိုင်မှုများကြောင့် တစ်နိုင်ငံလုံး၏ အုပ်ချုပ်ရေးစနစ်လည်း ပိုမိုတိုးတက်ကောင်းမွန်လာဖွယ် ရှိပါသည်။ သို့အတွက်ကြောင့် "ဖက်ဒရယ်ဝါဒအသစ်" ဆိုသည်မှာ တိုင်းရင်းသားပြည်နယ်များကို ကျေနပ်မှုရစေရုံမျှသာ မဟုတ်၊ မြန်မာနိုင်ငံတွင် ကောင်းစွာဖွံ့ဖြိုးလည်ပတ်သည့် ဒီမိုကရေစီ စနစ် ဖန်တီးနိုင်ရန် အဓိကကျသည့် အစိတ်အပိုင်းလည်း ဖြစ်ပါသည်။

[7] ကြားဖြတ် ရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) နှင့် ဒေါ်အောင်ဆန်းစုကြည်က ယှဉ်ပြိုင်ခဲ့သည့် မဲဆန္ဒနယ် အများစုတွင် အနိုင်ရခဲ့ ခြင်းမှာ လူကြိုက်များသည့် နိုင်ငံရေးသမား၊ ပါတီအဖြစ် ပြသနေပါသည်။ မိမိတို့ သွားရောက်လေ့လာခဲ့သည့် နိုင်ငံအနှံ့အပြားရှိ အိမ်များတွင် ဒေါ်အောင် ဆန်းစုကြည်၏ ပုံကို ချိတ်ဆွဲထားကြသည်ကို တွေ့မြင်ခဲ့ကြရပါသည်။

[8] "Cry, the beloved country," in The Economist, October 20, 2012 (ငိုပါတော့၊ ချစ်ရလေသော တိုင်းပြည်) ဆောင်းပါးကို ကြည့်ပါ။ ၎င်းဆောင်း ပါးတွင် တောင်အာဖရိက၌ ငြိမ်းချမ်းစွာ အာဏာ လွှဲပြောင်းနေသော်လည်း၊ နိုဘဲဆုရှင် ထင်ရှားသည့် နိုင်ငံရေးခေါင်းဆောင်ကြီး နယ်လ်ဆင် မင်ဒဲလားက ပထမဦးဆုံး အာဏာရယူနိုင်ခဲ့သော်လည်း၊ စီးပွားရေးနှင့် နိုင်ငံရေး ကျရှုံးရမှုများ၊ သိက္ခာမရှိ ဖြစ်နေရသည့် ပညာရေးစနစ်၊ အကျင့်ပျက်ခြစားမှုများ နှင့် မထိရောက်သည့် အစိုးရ ဖြစ်နေရပုံများကို ဖော်ပြထားပါသည်။

လွှတ်တော်တွင်းတွင် စစ်တပ်မှ ကိုယ်စားလှယ် ၂၅% ပါဝင်နေခြင်းသည် တစ်နည်းတစ်ဖုံအားဖြင့် ထိန်းညှိမှုတစ်ခုဖြစ်နိုင်သည့်နည်းတူ၊ သီးခြားလွတ်လပ်သည့် ဗဟိုတရားစီရင်ရေးခုံရုံးချုပ်တစ်ခုထားရှိခြင်းသည်လည်း အခြားထိန်းညှိမှုတစ်ခု ဖြစ်နိုင်ပါသည်။ စစ်တပ်အနေဖြင့် အုပ်ချုပ်မှုစနစ် ကောင်းမွန်လာစေရန်ထက် စစ်တပ်၏အထူးအခွင့်အရေးများကို ကာကွယ်ထားရန် ပို၍စိတ်ပါဝင်စားမှု ရှိနေပုံရပါသည်။ စစ်တပ်မှ ပိုနစ်သက်သောငှင်းအခြေအနေမှာ ယခုဆယ်စုနှစ် ကျော်လွန်သည့်တိုင် ဆက်လက်တည်ရှိနေဦးမည့် ဖြစ်နိုင်ချေ ရှိသော်လည်း၊ ယင်းအခြေအနေမှာ ယာယီဖြစ်ပုံရသည်။ ဗဟိုတရားရုံးချုပ်၏စွမ်းရည်ကို ထိန်းညှိစမ်းသပ်မှု ခံရမည်မဟုတ်ပါ။ နိုင်ငံတကာအတွေ့အကြုံအရ တရားရုံးများမှာလည်း အင်အားကောင်းသည့် နိုင်ငံရေးအုပ်စုများ၏ ထိန်းချုပ်ခံနေရတတ်ပါသည်။ မလေးရှားနိုင်ငံတွင် ဝန်ကြီးချုပ်မဟာသီယာ အုပ်ချုပ်မှုကာလတွင်လည်း အလားတူ တွေ့ခဲ့ကြရပါသည်။

အာဏာရပါတီသည် ယခင်ပြည်သူလူထုထောက်ခံမှုမရှိခဲ့သည့် ၎င်းတို့၏မူဝါဒအဟောင်းများမှ လမ်းခွဲထွက်ရန် လှုပ်ရှားဆောင်ရွက်သည့်အလျောက် ၎င်း၏နိုင်ငံရေးအရ ပြိုင်ဆိုင်နိုင်စွမ်းလည်း အားကောင်းလာနိုင်ပါသည်။ အာဏာရပါတီကို နိုင်ငံရေးအရ အင်အားတောင့်တင်း ရှင်သန်လာအောင်ဆောင်ရွက်ခြင်းသည် ထိရောက်သည့် နိုင်ငံရေးအရ ပြိုင်ဆိုင်မှုဖြစ်ပေါ်လာစေရေးအတွက် ပိုကောင်းပြီးတာရှည်ခံမည့် နည်းလမ်းတစ်ခုဖြစ်နိုင်ပါသည်။ (ဥပမာ - ယခင်က သိမ်းယူခဲ့သည့် မြေယာကိစ္စများကို ပြန်ပေးရန် (သို့) လျော်ကန်သည့် လျော်ကြေးပေးရန်အမြင်ဖြင့် ပြန်လည်သုံးသပ်ခြင်း၊ မုံရွာကြေးနီသတ္တုတွင်းကိစ္စကို ညှိနှိုင်းပြေလည်မှုရယူခြင်း စသည်တို့သည် အာဏာရ ပါတီဟောင်းအနေဖြင့် အတိတ်မူဝါဒများမှ လမ်းခွဲထွက်ရာတွင်သုံးနိုင်သည့် နည်းလမ်းဥပမာများ ဖြစ်ပါသည်။) မည်သို့သောကိစ္စမျိုးတွင်မဆို အကျယ်အပြန့်မဟာမိတ်ဖွဲ့မှုရှိပါက၊ တစ်ပါတီတည်းက အာဏာကို အလွဲသုံးစားပြုမှုနှင့် လစ်ဘရယ်မကျသည့် ဒီမိုကရေစီ (illiberal democracy) ထွန်း ကားလာမည့် အခွင့်အရေးများ လျော့နည်းကျဆင်း စေမည် ဖြစ်သည်။

တရားဥပဒေစိုးမိုးရေး(Rule of Law)ကို လက်ခံသော နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် ပေါ်ထွန်းအောင် လုပ်ဆောင်ခြင်းသည် ဖက်ဒရယ်ဝါဒအသစ်၏ အရေးပါသော အစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ မြန်မာလူမျိုးများ၏ လူ့အခွင့်အရေးများကို ကာကွယ်ရန်နှင့် အစိုးရနှင့်လွှတ်တော်မှ ပြဌာန်းသော ဥပဒေများအား ဖွဲ့စည်းပုံအခြေခံနှင့် ကိုက်ညီမှု ရှိမရှိကို အပြီးသတ်ဆုံးဖြတ်နိုင်ရန် ဗဟိုတရားရုံးချုပ်တစ်ခု၏ အခွင့်အာဏာကို ပြန်လည်အသက်တွင်းသင့်သည်ဟု ကျွန်ုပ်တို့ အကြံပေးလိုပါသည်။ ကမ္ဘာတစ်ဝှမ်းရှိ အမှန်တကယ် လည်ပတ်နေသော ခုံရုံးများတွင် အောင်မြင်သော ဥပမာများ၊ မအောင်မြင်သော ဥပမာများစွာ ရှိပါသည်။ ယခုအချိန်တွင် မည်သည့်စနစ်က မြန်မာပြည်အတွက် သင့်တော်မှု ရှိမရှိကို ကျွန်ုပ်တို့ အကြံပေးမှု မပြုလုပ်နိုင်သေးပါ။ သို့သော် ဖယ်ဒရယ်မူဝါဒအောင်မြင်ရန်အတွက် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကာကွယ်ရေးကို အားပေးထောက်ပံ့နိုင်ပြီး ယုံကြည်အားထားလောက်သော၊ အလုပ် အမှန်တကယ်လုပ်နေသော တရားရုံး လိုအပ်ပါသည်။ တစ်နည်းအားဖြင့် တပ်မတော်မှ အများပြည်သူနှင့်ဆိုင်သော ကိစ္စရပ်များကို ဝင်ရောက်စွပ်ဖက်ခြင်းမှ ဆုတ်ခွာမှု မစတင်မီ ပြုလုပ်ထားသော သဘောတူညီမှုများကို လိုက်လျောရန် ယုံကြည်အားထားရသော ဗဟိုတရားရုံးချုပ်မှ အာမခံမှုပေးနိုင်စွမ်းသည် အရေးကြီးပါသည်။ ထိပ်သီးအုပ်ချုပ်မှုနေရာမှ အာဏာအနည်းငယ်ရှိသောနေရာသို့ တပ်မတော်မှ ဦးတည်ရွှေ့ပြောင်းသောအခါတွင်၊ ပြောင်းလဲမှုကာလ၌ညှိနှိုင်းခဲ့သော အခွင့်အရေးများကို ကာကွယ်ခွန်အားပေးနိုင် စေရန်အတွက် ထိရောက်မှုရှိသော ဗဟိုတရားရုံးချုပ်ကို တပ်မတော်နှင့် အခြားသက်ဆိုင်သူများအနေဖြင့် အားကိုးရပါလိမ့်မည်။ ဤသို့ စီစဉ်ထားသည့် အခြေအနေမျိုးသည်

တရားဥပဒေစိုးမိုးရေးကို ထောက်ပံ့မှုပေးမည့် တရားစမ္မနှင့်ညီသော နိုင်ငံရေးယဉ်ကျေးမှုတစ်ခု တည်ဆောက်ရန်အတွက် အလွန်ကူညီထောက်ပံ့ပေးနိုင်ပါသည်။

## တပ်မတော်၏ အခန်းကဏ္ဍနှင့် အရွယ်အစားအပေါ် ပြုပြင်ပြောင်းလဲမှု

တပ်မတော်နှင့်ပတ်သက်၍ အဓိကစဉ်းစားရမည်မှာ နိုင်ငံအုပ်ချုပ်ရေးထက် နိုင်ငံကာကွယ်ရေးကို ပိုမိုဆောင်ရွက်နိုင်စေရန် ၎င်း၏ဖြစ်တည်မှုရည်မှန်းချက်အား ပြန်လည်ချိန်ညှိရန် ဖြစ်သည်။ ပထမဆုံးအနေဖြင့် တပ်မတော်၏ အာဏာလွှမ်းမိုးမှုနှင့် အင်အားအရွယ်အစားကို လျှော့ချရပါမည်။ စစ်တပ်များ၏ အမှန်တကယ် ကုန်ကျစားရိတ်သည် အမျိုးသား ရသုံးမှန်းခြေငွေစာရင်းတွင် မပေါ်လွင်ပါ။[9] မြေယာအမြောက်အများကိုလည်း စစ်တပ်မှသိမ်းယူခဲ့ပါသည်။ အချို့မှာ စစ်တပ်အခြေစိုက်စခန်းများအဖြစ် ရှိနေပြီး အချို့မှာ သိမ်းပိုက်ထား သည့် တပ်ရင်း၏ဝင်ငွေအတွက် သီးနှံပင်များကို များသောအားဖြင့် စိုက်ပျိုးထားကြပါသည်။ အချို့သောမြေများကို ပုဂ္ဂလိက ကုမ္ပဏီများသို့ ဈေးချိုချိုဖြင့် ရောင်းချပေးခြင်း၊ လွှဲပြောင်းပေးခြင်းများ ရှိပါသည်။ များသောအားဖြင့် ၎င်းကုမ္ပဏီများမှာ တပ်မတော်၊ သို့မဟုတ် ထိပ်တန်းအရာရှိများနှင့် အကျိုးအမြတ် ခွဲဝေရယူမှု ရှိကြပါသည်။ အချို့သောကိစ္စများတွင် ဒေသခံ လယ်သမားများကို သိမ်းယူထားသည့် သူတို့၏မြေပေါ်တွင် စိုက်ပျိုးခွင့်ပြုသော်လည်း၊ သီးစားခ ပေးကြရပါသည်။ ဤသို့ သော မြေသိမ်းယူမှုများကို ပြန်လည်ပြုပြင်ခြင်းသည် ကောင်းမွန်သည့် စီးပွားရေးနှင့် နိုင်ငံရေးမူဝါဒ ဖြစ်ပါသည်။

"ပုဂ္ဂလိက" ကုမ္ပဏီအများစုကို အရာရှိများက ပိုင်ဆိုင်သည်ဟု ဆိုကြပြီး အထူးအခွင့်အရေး ရကြသလို ဈေးနှုန်းကြီးကြီး ဖြင့်လည်း အမြတ်ထုတ်ယူနိုင်ကြပါသည်။ သတင်းများအရ ၎င်းကုမ္ပဏီများတွင် အင်အားကြီးများဖြစ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေးဦးပိုင်လီမိတက် မျှသာမက လောင်စာနှင့် အခြားလူသုံးကုန်ထောက်ပံ့နေသည့် အခြားကုမ္ပဏီငယ်များလည်း ပါဝင်ကြပါသည်။ ဤကုမ္ပဏီကြီးများတွင် ကျောက်မျက်ကုန်သွယ်သည့်လုပ်ငန်းများ၊ ကျောက်စိမ်းထုတ်လုပ်ငန်းများ၊ ဘဏ်လုပ်ငန်းများ၊ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်းများ၊ အဖျော်ယာမကာလုပ်ငန်းများ၊ အိမ်ခြံမြေလုပ်ငန်းများ၊ သယ်ယူပို့ဆောင်ရေးနှင့် ဆောက်လုပ်ရေး လုပ်ငန်းများ ပါဝင်ကြသည်။[10] ဤကဏ္ဍများတွင် ထက်မြက်ထိရောက်မှုမရှိခြင်း၊ ဝန်ဆောင်မှုများ ညံ့ဖျင်းခြင်းနှင့် ဈေးနှုန်းများ ကြီးမြင့်နေခြင်းကြောင့် စီးပွားရေးကို ဘရိတ်နင်းထားသကဲ့သို့ ရှိနေစေမည် ဖြစ်ပြီး စီးပွားရေး အလျင်အမြန်နှင့် ညီမျှစွာ ဖွံ့ဖြိုးမှုကိုလည်း အဟန့် အတား ဖြစ်နေစေပေလိမ့်မည်။ စီးပွားရေးအပေါ် ဤသို့ချုပ်ထားသည့် နှောင်ကြိုးကို ပြေလျော့စေရန် လိုအပ်ပါသည်။ သို့မှသာ ဘတ်ဂျက်ပြင်ပမှ စစ်တပ်အတွင်းသို့ စီးဆင်းနေသည့် ရန်ပုံငွေများ လျော့ကျစေမည် ဖြစ်ပါသည်။ ဤပမာဏမှာ များ သည်ဟု ဆိုနိုင်သော်လည်း ပမာဏအတိအကျ မသိနိုင်ပါ။ သို့သော် အပြောင်းအလဲကာလအတွင်း သယံဇာတထုတ်ယူမှုအချို့ဆက်ရှိနေဦးမည်ဖြစ်သည်။

ထိုမျှမက သယံဇာတထုတ်ယူမှု အမြောက်အများရှိနေပါသည်။ ကျွန်းသစ်ရောင်းဝယ်မှုနှင့် သဘာဝဓာတ်ငွေ့မှရသည့် ဘီလီယံနှင့်ချီသည့် ဒေါ်လာများမှာ စာရင်းမဝင်ဘဲ ရှိနေပါသည်။ စာရင်းမပေါက်ဘဲ ပြီးခဲ့သည့်နှစ်များအတွင်းက

---

[9] 2010 Statistical Yearbook (စာ ၃၅၈) အရ ၂၀၀၉-၁၀ ဘဏ္ဍာနှစ်တွင် ကာကွယ်ရေးအသုံးစားရိတ်သည် အစိုးရအသုံးစားရိတ်၏ ၁၁% မျှရှိသည်။ ဤပမာဏတွင် current account နှင့် capital account နှစ်မျိုးလုံးပါဝင် ပါသည်။ စစ်တပ်သို့ သွားနေသော အမှန်တကယ်အရင်းအမြစ်များ ထက်နည်းပါသည်။ အခြားစာတမ်းတစ်ခုတွင် ကာကွယ်ရေးအသုံးစားရိတ်သည် အစိုးရအသုံးစားရိတ်၏ ၁၄% (ဒေါ်လာ ၁၅.၃ဘီလီယံခန့်) နှင့် GDP ၏ ၄.၃% မျှရှိသည်။အင်ဒိုနီးရှား၊ ယိုးဒယား၊ တရုတ် နှင့် ဘင်္ဂလားနိုင်ငံများသည် ၎င်းတို့၏ စစ်တပ်အတွက် ၁-၂% ခန့်သာသုံးစွဲ သည်။ ရသုံးမှန်းခြေငွေစာရင်းတွင် မပါသော အရင်းအမြစ်များကို ထည့်တွက်ပါက GDP ၏ ၄%-၅% ထက်ပိုပါသည်။

[10] "Myanmar Military: The Next Campaign – Cementing Power" by Andrew Marshall and Jason Szep, November 2012, p. 6. (မြန်မာ့တပ်မတော်၏ နောက်ထပ် စစ်ဆင်ရေး-- အာဏာကိုင် အခြေခိုင်မြဲစေရန်) ဆောင်းပါးကို ကြည့်ပါ။ တယ်လီကွန်မြူနီကေးရှင်း ဆက်သွယ် ရေးစားရိတ်များမှာ အာရှနိုင်ငံများတွင် အမြင့်မားဆုံး ရှိနေပြီး၊ လျှော့ချရန် လိုအပ်ပါသည်။

စစ်ခေါင်းဆောင် များက ရောင်းချငွေအများစုကို စာရင်းမရှိ-အင်းမရှိ ယူငင်ခဲ့ကြပါသည်။ ၂၀၁၁တွင်ရောင်းချခဲ့သော ကျောက်စိမ်းတန်ဖိုးမှာ ဒေါ်လာ ၁၀ဘီလီယံကျော်ရှိသော်လည်း နိုင်ငံတော်ဘဏ္ဍာအဖြစ် မဝင်သလောက်ပင်ဖြစ်သည်။ စစ်တပ်က အမှန်တကယ် သုံးစွဲနေသည့် ရင်းမြစ်များကို ရှာဖွေ သိရှိနိုင်ရန် အပြင်းအထန် အားထုတ်ကြိုးပမ်းကြရမည် ဖြစ်သကဲ့သို ပြည်ပရှိ ငွေများ၊ ရင်းနှီးမြှုပ်နှံမှုများကိုလည်း သိရှိနိုင်ရန် မလွယ်ကူပါ။ ဥပမာအားဖြင့် လွှတ်တော်မှ သိရှိရန် မလိုသည့် "အထူးရန်ပုံငွေ" ဟူ၍ ရှိပြီး (သို့သော်လည်း သမ္မတ၏ အတည်ပြုမှု လိုအပ်သည်) ၎င်းငွေများကို စစ်တပ်က အကျိုးအကြောင်း မဖော်ပြဘဲ ရယူသုံးစွဲနိုင်ပါသည်။[11] ပြုပြင်ပြောင်းလဲမှုဆိုသည်မှာ ပညာရေး၊ ကျန်းမာရေး နှင့် ရင်းနှီးမြှုပ်နှံမှုများ အတွက် အသုံးချနိုင်စေရန် အဆိုပါ ဘဏ္ဍာငွေများကို တစည်းတလုံးတည်း ဘတ်ဂျက်တွင်ပါအောင် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

အကယ်၍ တိုင်းရင်းသားအင်အားစုများနှင့် ငြိမ်းချမ်းရေးသာ ရရှိပါက သဘောတရားအရ စစ်တပ်၏ အရွယ်အစားလျော့ ကျသွားမည် ဖြစ်ပါသည်။ တိုက်ခိုက်ရေးဆင်းနေရသည့် တပ်ရင်းအများစု မလိုအပ်တော့သည့်အတွက်ကြောင့် ဖြစ်သည်။ ငြိမ်းချမ်းသည့် မြန်မာနိုင်ငံတွင် မည်သည့်အရွယ်အစားရှိသည့် တပ်မတော် ရှိရန် လိုအပ်ပါသနည်း။ ၎င်း၏ အချို့ပြည်နယ်များတွင် ဆူပူထကြွမှု ရှိနေသည့် အင်ဒိုနီးရှားနိုင်ငံတွင် တစ်နိုင်ငံလုံး လူဦးရေ သန်း ၂၄၀ ရှိပြီး စစ်တပ်အင်အား ၅၈၂,၀၀၀ ရှိပါသည်။ တစ်နည်းပြောရလျှင် လူတစ်သန်းလျှင် စစ်သား ၂,၄၀၀ နှုန်း ရှိနေပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင်မူ လူတစ်သန်းလျှင် စစ်သား ၁,၅၀၀ ထက်နည်း၍ ရှိနေပါသည်။ တရုတ်နိုင်ငံတွင် လူတစ်သန်းလျှင် စစ်သား ၂,၂၀၀ ရှိပါ သည်။ အကယ်၍ မြန်မာနိုင်ငံ၏ လူဦးရေသည် သန်း ၆၀ ဟု ဆိုပါက၊ အနည်းဆုံး ၉၀,၀၀၀၊ အများဆုံး ၁၄၀,၀၀၀ အချိန် ပြည့် စစ်တာဝန် ထမ်းဆောင်ရန် လိုအပ်မည်ဟု အကြံပြုနိုင်ပါသည်။ နိုင်ငံတော်အဆင့်တပ်မတော်ထဲတွင် တိုင်းရင်းသား စစ်သားများလည်း ပါဝင်ကြရပါလိမ့်မည်။ ရခိုင်ပြည်နယ်ကဲ့သို့သော အခြေအနေမျိုး၊ သို့မဟုတ် ပြည်သူလူထု လုံခြုံရေး အတွက် အကြမ်းဖက်ခြိမ်းခြောက်မှုများ ရှိစေမည့် ဒေသများတွင် စစ်တပ်များ၊ အင်အားအနည်းငယ်မျှဖြစ်စေကာမူ  သိသာထင် ရှားစွာ ရှိနေရန် အရေးကြီးပါသည်။ ယခုအချိန်တွင် အချိန်ပြည့်စစ်သား တပ်မတော်အတွင်း မည်မျှ ရှိနေသည်မှာ မသေချာ လှပါ။ ခန့်မှန်းချက်များအရ ၂၀၀,၀၀၀ မှ ၄၀၀,၀၀၀ အကြား ရှိပါလိမ့်မည်။ (တပ်ရင်းများအားလုံးသည် သတ်မှတ်ထား သည့် အင်အားပြည့် ရှိမနေပါ။ "တရားဝင်" ခန့်မှန်းနေကြသည့် စစ်တပ်အင်အား သန်းတစ်ဝက်ဆိုသည်မှာ တပ်ရင်းများ အင်အားပြည့် အခြေအနေကို ခန့်မှန်းတွက်ယူထားခြင်း ဖြစ်သည်)။ မည်သို့ပင်ဖြစ်စေ ယခု အချိန်ပြည့်တာဝန်ထမ်းနေကြ သည့် စစ်သားများအနေဖြင့် (တိုင်းရင်းသား လက်နက်ကိုင်ပြည်သူ့စစ်များ အပါအဝင်) အများစုမှာ စစ်တပ်တွင်း ဆက်လက် တာဝန်ယူကြရမည် ဖြစ်သော်လည်း ကျန်သူများအတွက် အလုပ်အကိုင်အသစ်များ ရှာဖွေပေးကြရမည် ဖြစ်ပါသည်။ အနားယူကြသည့် သူများမှာလည်း စစ်တပ်၊ သို့မဟုတ် လက်နက်ကိုင်တပ်ဖွဲ့များ၏ ပြင်ပတွင် ဂုဏ်သိက္ခာရှိစွာ အနားယူနိုင် ရေးအတွက် အထူးကူညီပံ့ပိုးမှုများ လိုအပ်ဦးမည် ဖြစ်ပါသည်။

ရွေးချယ်တင်မြှောက်ခံထားရသည့် အရပ်သားအစိုးရ၏ မူဝါဒများအပေါ် စစ်တပ်က အာဏာသိမ်း၍ ဆန္ဒရှိသည့်အတိုင်း ဝင် ရောက်စွက်ဖက်နိုင်သည့်အစွမ်းသည် ဒီမိုကရေစီစနစ်၊ ဥပဒေနည်းကျ အုပ်ချုပ်ရေး နှင့် လိုက်လျော်ညီထွေမှု မရှိပါ။ လွှတ်တော်အတွင်း စစ်တပ်က ခန့်အပ်ထားသည့် ကိုယ်စားလှယ် ၂၅% ကို အသွင်ကူးပြောင်းရေးကြားကာလတွင် ခွင့်ပြု နိုင်သော်လည်း (ဤအချက်သည်လည်း ဆွေးနွေးညှိနှိုင်းမှုအရ ဖြစ်ရမည်)၊ တာဝန်ယူ တာဝန်ခံမှုရှိသည့် အစိုးရတစ်ရပ် ဖြစ်စေရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ အခရာကျမှုနှင့် ရွေးချယ်တင်မြှောက်ခံရသည့် ခေါင်းဆောင်မှု လိုအပ်ပါ သည်။ ဤသည်မှာ တပ်မတော်၏ ဥပဒေကြောင်း အဆင့်အတန်းအရ တရားဝင်မှုတွင် အခြေခံကျသည့် ရွှေပြောင်းမှုဖြစ် သည်။ ဤနည်းအားဖြင့် ပမာဏပို၍ငယ်သော စစ်တပ်နှင့် (ဘတ်ဂျက်အတွင်းနှင့် ပြင်ပရှိ) အသုံးပြုနေသော အရင်းအမြစ်များ ထိန်းချုပ်နိုင်မည်ဖြစ်၍၊ စီးပွားရေးစနစ်တစ်ခုလုံးတွင် စစ်တပ်၏ စီးပွားရေးအခန်းကဏ္ဍကို ပို၍သေးကျုံ့စေ

---

[11] Marshall and Szep, Op. Cit., p. 7

ရန် ပံ့ပိုးပေးနိုင်လိမ့်မည် ဖြစ်ပါသည်။ ဖွဲ့စည်းပုံအရ အသက်ဝင်လှုပ်ရှားနေသော တရားလွှတ်တော်ချုပ် ဖန်တီးပေးရေးသည် စစ်တပ်မှ အုပ်ချုပ်ရေး နှင့် ဥပဒေပြုရေးကဏ္ဍများကို ကြီးကြပ်ထိန်းညှိမှု အခန်းကဏ္ဍ ရယူထားခြင်းကို သဘောတရားအရ အစားထိုးနိုင်ရန်ဖြစ်ပါ သည်။ ဤနည်းအားဖြင့်သာ ကြိုတင်ခန့်မှန်းနိုင်မှုရှိသည့် မျှတသည့် ဥပဒေနှင့် မူဝါဒများကို ပြန်လည်သုံးသပ်မှုများပြုနိုင် ပြီး၊ ဥပဒေနည်းကျအုပ်ချုပ်ရေး (rule of law) ကိုလည်း ပံ့ပိုးထောက်ကူပေးနိုင်မည် ဖြစ်ပါသည်။ စစ်တပ်မှ နိုင်ငံရေးအာဏာရာထူးမှ လွှဲပြောင်းမှုဖြင့် တစ်ဦးတစ်ယောက်ချင်းနှင့် အဖွဲ့စုများ၏ အခွင့်အရေးများပိုမိုရှိစေရန်နှင့် ဥပဒေအထက်တွင်ရှိသော စီးပွားရေး အခွင့်အလမ်းတူများရရှိစေမည့် ယုံကြည်စိတ်ချရသော ကတိစကားများ ထားရှိရန် အခန်းကဏ္ဍများတွင် အသက်ဝင်လှုပ်ရှားနေသော တရားလွှတ်တော်ချုပ်သည် အဓိကကဏ္ဍမှ ပါဝင်နေပါသည်။

ဤသို့အသွင်ကူးပြောင်းမှုတွင် အရေးပါသည့် အရေးကြီးသည့် အစိတ်အပိုင်းမှာ စစ်တပ်နှင့် လက်နက်ကိုင်တပ်ဖွဲ့ခေါင်းဆောင်များကို လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းနှင့်ပတ်သက်၍ ဆုံးဖြတ်ရန်ဖြစ်ပါသည်။ ယခင် စစ်တပ်တပ်မှူးများ အုပ်ချုပ်မှုကာလတွင် ထိရောက်သည့် ဥပဒေနည်းကျ အုပ်ချုပ်ရေး (rule of law) များ မရှိခဲ့ပါ။ သူတို့၏ နှုတ်ထွက်သမျှ ဥပဒေဖြစ်ခဲ့ပါသည်။ တပ်မှူးများကို သူတို့၏တပ်ဖွဲ့များကို ကျွေးမွေးထောက်ပံ့ရန် ညွှန်ကြားခဲ့ပြီး သူတို့က မြေများသိမ်းယူခြင်း၊ အခြား အရင်းအမြစ်များ ရယူခြင်း၊ အတင်းအကျပ် အခွန်များ ကောက်ခံခြင်းနှင့် ကုန်သွယ်မှုများကို လက်ဝါးကြီးအုပ်ခြင်းဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ (တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များကလည်း အလားတူ ဆောင်ရွက်ခဲ့ကြပါသည်။) ဤလုပ်ငန်းစဉ်အတွင်း တပ်မှူးအများမှာ ကြွယ်ဝချမ်းသာလာကြသည်။ အကယ်၍ သူတို့၏ စီးပွားရေးအရ အပြစ်ရှိမှုများအပေါ် ခုံရုံးတင်တရားစွဲရန် ဆုံးဖြတ်ချက်သာ ပြုမည်ဆိုပါက စစ်တပ် တပ်မှူးများနှင့် လက်နက်ကိုင် တပ်ဖွဲ့ခေါင်းဆောင်များ အပြစ်ပေးခံကြရမည်သာ ဖြစ်သည်။ တရုတ်နိုင်ငံတွင် ဤသို့ အကျင့်ပျက်ခြစားမှု တိုက်ဖျက်ရေးကြိုးပမ်းမှုမှနေ၍ အုပ်စုတစ်စုအပေါ် သုတ်သင်ရှင်းလင်းမှုများ ဖြစ်လာစေပြီး၊ အမှန်တကယ် စနစ်အပေါ် ပြုပြင်ပြောင်းလဲမှု ဖြစ်ပေါ်မလာစေပါ။ ဤသို့ဖြင့် မတည်ငြိမ်မှုများ ဖြစ်စေသည့်အပြင် တာဝန်ယူ တာဝန်ခံမှုစနစ်လည်း ကင်းမဲ့နေစေသည်။ ဤသို့ဖြင့် အရာရှိများက ပြစ်တင်စွပ်စွဲခံရမှုများ ကင်းလွတ်စေရန် အားသာသည့်အုပ်စုနှင့် အုပ်စုဖွဲ့ ပူးပေါင်းမှုများ ဖြစ်ပေါ်လာစေပါသည်။ အခြားမေးခွန်းတစ်ခုမှာ သူတို့၏ ချမ်းသာကြွယ်ဝမှုများကို အကန့်အသတ်ဖြင့် ပြန်လည်ရယူရေးကို ဆုံးဖြတ်ခြင်းသည် အမြော်အမြင်ရှိရာကျမကျကို သုံးသပ်ရမည်ဖြစ်သည်။ ဤအနေအထားတွင် အရာရှိများကို အနည်းဆုံးပိုင်ဆိုင်မှု သို့မဟုတ် ကြွယ်ဝမှု မည်၍မည်မျှစသည်ဖြင့် ခွင့်ပြုနိုင်ပြီး အလွန်အမင်း ရှိနေလျှင် နိုင်ငံတော်က ပြန်လည်သိမ်းယူနိုင်မည် ဖြစ်ပါသည်။ ပြန်လည်သိမ်းယူမည်ဆိုသည့်ကိစ္စမှာ နိုင်ငံရေးအရ သက်ဆိုင်သည့်မေးခွန်းဖြစ်ပြီး တစ်ချိန်တည်းမှာပင် လက်တွေ့နည်းနာပိုင်းအရလည်း ပိုင်ဆိုင်မှုများကို နောက်ကြောင်း ခြေရာခံလိုက်နိုင်ရန် ခက်ခဲနိုင်ပါသည်။ ယေဘုယျအားဖြင့် ပြန်လည်သိမ်းယူခြင်း ရှိသည်ဖြစ်စေ၊မရှိသည်ဖြစ်စေ အတိတ်ကာလက မရှင်းလင်းမကွဲပြားသည့် ဥပဒေဆိုင်ရာဝန်းကျင် ရှိသည်ကိုထောက်ထား၍ စီးပွားရေး ရာဇဝတ်မှုများကို ခွင့်လွှတ်ခြင်းသည် လက်ရှိဆောင်ရွက်နေသည့် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများအတွက် လိုအပ်ချက်ဖြစ်နိုင်ပါသည်။ သို့သော်လည်း ကြီးမားသောကြွယ်ဝမှုသည် နိုင်ငံရေးအရအာဏာကြီးမှုကို ဖန်တီးနိုင်ရာ အနာဂတ်တွင် အုပ်ချုပ်မှုကိုပိုမိုခက်ခဲစေပါသည်။ ထို့ကြောင့် ရှေ့သို့ဆက်လက် ချီတက်ရန် ပို၍တင်းကျပ်သည့် စည်းမျဉ်းဥပဒေများ ကျင့်သုံးရမည် ဖြစ်ပါသည်။

## အမျိုးသားလုံခြုံရေးအပေါ် ပြန်လည်အဓိပ္ပါယ် ဖွင့်ဆိုခြင်း

စစ်တပ်၏ အရွယ်အစားနှင့် လုပ်ငန်းဆောင်တာ ပြောင်းလဲမှုနှင့်အတူ ၎င်း၏ သဘောတရား (doctrine) ကို ခေတ်မီအောင်ပြုပြင်ခြင်းနှင့် ပေါင်းစပ်ရပါမည်။ ယခင်က အမျိုးသားလုံခြုံရေးအပေါ် ခြိမ်းခြောက်မှုမှာ မြန်မာနိုင်ငံမှ ကွန်မြူနစ်များနှင့် တိုင်းရင်းသားပြည်နယ်များ ခွဲထွက်မည့်အရေး ဖြစ်ပါသည်။ ၎င်းခေတ်ကာလမှာ ကျော်လွန်သွားခဲ့ပြီ ဖြစ်ပါသည်။ ကချင်တို့ကပင် မြန်မာနိုင်ငံအတွင်း တစ်စုံတရာသော ကိုယ်ပိုင်အစိုးရနှင့် ဆက်လက်နေထိုင်ရန် အခွင့်အရေးများကို ပြော

ဆိုနေလျက်ရှိနေကြပါသည်။ ကျန်အုပ်စုများမှာ ရန်လိုမှု ပို၍နည်းကြပါသည်။ သို့ဆိုလျှင် မြန်မာနိုင်ငံ၏ လုံခြုံရေးအတွက် မည်သည့်ပြဿနာများကို စိုးရိမ်ပူပန်ရန် လိုအပ်နေပါသေးသနည်း။ သယံဇာတထုတ်ယူခြင်း ခေတ်နောက်ပြန်ဆွဲခြင်းများသည် ပြည်ထောင်စုကို ပြိုကွဲအားနည်းစေသော အဓိကပြဿနာများဖြစ်ပါသည်။ တပ်မတော်အနေဖြင့် ထုတ်ယူခြင်းများ လျှော့ချ၍ ပိုမိုကောင်းမွန်သောအစိုးရဖန်တီးရန် ကြိုးပမ်းရပါမည်။ ၎င်းတို့အနေဖြင့် ကြံ့ခိုင်သော စစ်တပ်အစား ကြံ့ခိုင်သောနိုင်ငံတည်ဆောက်ရန် အားထုတ်ရမည် ဖြစ်ပါသည်။

တစ်ချက်မှာ သယ်ယူပို့ဆောင်ရေးစားရိတ်များ မြင့်မားနေခြင်း ဖြစ်သည်။ Proximityအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် သုတေသနပြုချက်များအရ မြန်မာနိုင်ငံတွင် တစ်တန်လျှင် တစ်မိုင် ထရပ်ကားဖြင့် သယ်ယူပို့ဆောင်သည့်စားရိတ်မှာ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့ထက် ၅-ဆမျှ မှ အဆ၂၀-တိုင် များပြားနေပါသည်။ ဤအချက်ကြောင့် မြန်မာနိုင်ငံ၏ ပြည်နယ်များတွင် စီးပွားရေးလုပ်ငန်းများအပေါ် သက်ရောက်မှု ရှိနေစေပြီး နိုင်ငံတွင်း ဝယ်လိုအားများထက် အိမ်နီးချင်းနိုင်ငံများသို့ ဦးတည်မှုဖြစ်ပေါ်နေစေပါသည်။ ငွေကြေးအရင်းအနှီး စီးဆင်းမှုကိုကြည့်လျှင် အိမ်နီးချင်းနိုင်ငံများသို့ သွားရောက်ကြခြင်း၊ ဝင်လာကြခြင်းနှင့်၊ ကုန်သွယ်မှုစီးဆင်းနေကြခြင်းများကြောင့် ပြည်နယ်များက မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်နှင့် ပေါင်းစည်းမိခြင်းထက်စာလျှင် အခြားနိုင်ငံများသို့ စီးပွားရေးအရ ထိရောက်စွာ စုပ်ယူသွားခြင်း ခံရပါသည်။ အချိန်ကြာမြင့်လာသည်နှင့်အမျှ နယ်စပ်ဒေသရှိ ပြည်နယ်များနှင့် မြန်မာနိုင်ငံ ဗဟိုချက်မတို့အကြား အလှမ်းကွာဟ လာပါလိမ့်မည်။ သို့ဆိုလျှင် အမျိုးသားစည်းလုံးညီညွတ်မှုလည်း လျော့နည်းကျဆင်းလာမည် ဖြစ်သည်။ အဖြေမှာ လမ်းများကို အရည်အသွေးမြှင့်တင်ရန် ဖြစ်၍၊ လမ်းပိတ်ဆို့မှုများ၊ အခွန် အလွန်အကျူး ကောက်ခံနေမှုများကို လျှော့ချကြရပါမည်။ သို့မှသာ ကုန်သွယ်စီးဆင်းမှုသည် ပြင်ပသို့ မဟုတ်ဘဲ မြန်မာနိုင်ငံတွင်းသို့ သဘာဝအလျောက် ဦးတည်လာမည် ဖြစ်သည်။

အခြား ခြိမ်းခြောက်မှုတစ်ခုမှာ အရှယ်ရောက်ပြီးသူ စာတတ်မြောက်မှုနှုန်း ဖြစ်သည်။ အစိုးရတရားဝင် ကိန်းဂဏန်းများအရ စာတတ်မြောက်မှုနှုန်း မြင့်မားသော်လည်း စာတတ်မြောက်မှုအပေါ် လွယ်ကူစွာ အဓိပ္ပါယ်ဖွင့်ဆိုထားပုံရပြီး သက်သေအထောက်အထား အနည်းငယ်မျှသာ ရှိရာ (စစ်တမ်းကောက်ယူမှုများဖြင့် အတည်ပြုရန် လိုအပ်ပါသည်) အလုပ်ဖြစ်နိုင်သည့် စာတတ်မြောက်မှုနှုန်းသည် ဤထက်ပို၍ နိမ့်ဖွယ် များစွာရှိပါသည်။ ဆိုလိုသည်မှာ လယ်သမားတစ်ဦးအနေဖြင့် ပိုးသတ်ဆေးပုံးပေါ်ရှိ အညွှန်းစာကိုဖတ်နိုင်-မနိုင်၊ သို့မဟုတ် မိခင်တစ်ဦးက သူ့ကလေးအတွက် ဆေးပုလင်းပေါ်မှ သတင်းအချက်အလက်ကို သိရှိနားလည်ရန် အခက်အခဲရှိနိုင်သည့် အခြေအနေ ဖြစ်သည်။ ဤအချက်ကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးစေရုံမျှသာမက ကျန်းမာသန်စွမ်းသည့် ဒီမိုကရေစီစနစ်ဖြစ်စေရန်လည်း အဟန့်အတား ဖြစ်စေပါသည်။ အကယ်၍ မဲဆန္ဒရှင်တစ်ဦးက စာမဖတ်တတ်ပါက သူတို့အနေဖြင့် သိရှိနားလည်၍ ပေးသည့် ဆန္ဒဖြစ်ရန် ခက်ပါသည်။ ကံကောင်းထောက်မသည်မှာ တပ်မတော်တွင် စစ်သားများ စာတတ်မြောက်စေရေးအတွက် အစီအစဉ် ရှိပါသည်။ အိန္ဒိယကဲ့သို့သော အခြားနိုင်ငံများတွင် ကောင်းမွန်သည့် သက်ကြီးစာတတ်မြောက်ရေး သင်ခန်းစာများ ရှိပါသည်။ စာတတ်မြောက်မှု အရည်အသွေးကို မြှင့်တင်ပေးခြင်းအားဖြင့် ပို၍တန်းတူညီမျှသော၊ ပို၍အုပ်ချုပ်ရန် ဖြစ်နိုင်သော၊ ပို၍လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်နိုင်ပါလိမ့်မည်။ ဤသည်မှာ တစ်နည်းအားဖြင့်၊ ရွေးကောက်ပွဲ နှင့် ညံ့ဖျင်းသည့် အုပ်ချုပ်ရေးစနစ် ပေါင်းစပ်ထားသော၊ လစ်ဘရယ်မကျသည့်ဒီမိုကရေစီ (illiberal democracy) ဖြစ်ပေါ်စေနိုင်သည့် အခွင့်အလမ်းကိုလည်း နည်းစေပါသည်။

ထို့အပြင် သဘာဝသယံဇာတများ ထုတ်လုပ်နေသည့် လုပ်ငန်းရှင်များစွာသည် တရားဝင်အခွန် အနည်းငယ်မျှကိုသာ ပေးဆောင်ကြပြီး ဒေသန္တရအစိုးရများအတွက် လုံးဝမပေးဆောင်သလောက် ရှိနေပါသည်။ ဤသို့ လုပ်ငန်းပိုင်ဆိုင်သူများနှင့် ထုတ်လုပ်သူများအတွက် ကျိုးကြောင်းဆီလျော်သည့် အခွန်အကောက်ဆိုင်ရာ မူဝါဒများအတွက် ညှိနှိုင်းသင့်ပါသည်။ သို့မှသာ သူတို့ပိုင်ဆိုင်မှုများအပေါ်မှနေ၍ ဆီလျော်သည့် အကျိုးအမြတ်ပြန်လည်ရရှိစေမည် ဖြစ်၍ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအနေဖြင့် ရင်းနှီးမြှုပ်နှံရန်နှင့် ဝန်ဆောင်မှုများ ထောက်ပံ့ပေးရန် လိုအပ်သည့် ဘဏ္ဍာ အရင်းအမြစ်များ ရရှိစေမည် ဖြစ်ပါသည်။ တရားဝင်ကိန်းဂဏန်းများတွင်

ဖော်ပြထားသည်ထက် ပြည်ပသို့ တင်ပို့ ရောင်းချသည့် သဘာဝ သယံဇာတ ပမာဏသည် အဆများစွာ များပြားပါသည်။ ဥပမာ - ၂၀၁၁-၁၂ ကျောက်စိမ်းပြပွဲမှ ကျောက်စိမ်း တစ်ကီလို၏ ဈေးနှုန်းမှာ $၁၂၆ ဒေါ်လာဖြစ်ရာ တရားဝင်ထုတ်လုပ်မှု ကီလိုသန်းပေါင်း (၄၃) ရှိပါက စုစုပေါင်းတန်ဖိုးမှာ ၅.၄ ဘီလီယံ ဒေါ်လာရှိသည်ဟု တွက်ချက်၍ ရပါသည်။[12] သို့သော် ကျောက်စိမ်း ထုတ်လုပ်မှုအများစုမှာ တရားဝင် တင်ပြထားခြင်းမရှိပေ။ ထို့ကြောင့် ကျောက်စိမ်းထုတ်လုပ်မှု၏ စုစုပေါင်း တန်ဖိုးသည် ၁၀ ဘီလီယံထက် ပိုသည်မှာ ဖြစ်နိုင်ချေရှိပါသည်။ သို့သော် ၂၀၁၁-၁၂ ကာလအတွင်း ကျောက်စိမ်း အခွန်ပေါင်းစုံမှရသော နိုင်ငံတော်ဘဏ္ဍာငွေပေါင်းမှာ ဒေါ်လာ ၅၅၇ သန်းမျှသာ ရှိပါသည်။ (အသေးစိတ်ဆွေးနွေးချက်ကို နောက်ဆက်တွဲ -၃ တွင် ကြည့်ရှုစေလိုပါသည်။)

ဤသို့ဦးတည်ဆောင်ရွက်ရာတွင် အရေးကြီးသည့်အဆင့်မှာ တရားဝင်ငွေလဲလှယ်နှုန်းသည် တစ်ဒေါ်လာလျှင် ၆ ကျပ်မှ ၈၀၀ ကျပ်သို့ ပြောင်းလဲခဲ့ခြင်းပင် ဖြစ်သည်။ (ဒေါ်လာနှင့်လဲလှယ်နှုန်းကို ယခင်က ပြည်ပပို့ကုန်မှရရှိသည့် ဝင်ငွေကိုကျပ်ငွေနှင့် ပြောင်းလဲတွက်ချက်ခဲ့ကြဖူးသည်)။ နှုန်းသစ်မှာ ဈေးကွက်ပေါက်ဈေးနှင့် နီးစပ်သည့်နှုန်းထား ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ဘဏ္ဍာတော်တိုက်သို့ သဘာဝဓာတ်ငွေ့ ရောင်းချမှုမှ ရရှိသည့် အခွန်ငွေများနှင့် မြေငှားခများ (royalties) ကို တိုးတက်လာစေပါသည်။ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများအကြား ဘဏ္ဍာဝင်ငွေ ခွဲဝေမျှမှုများတွင် အခြားဓာတ်သတ္တုများ၊ ကျွန်းသစ်နှင့် ရေအားလျှပ်စစ်များမှ ရရှိဝင်ငွေများကိုလည်း အလားတူပင် ချိန်ညှိဆောင်ရွက်ရန် လိုအပ်ပါလိမ့်မည်။[13] ပြည်နယ်များတွင် အရင်းအမြစ်သယံဇာတများမှာ တည်ရှိနေခြင်းမှာ ညီမျှမှုမရှိမှုကြောင့်၊ ချမ်းသာသည့်ပြည်နယ်များ က ဆင်းရဲသည့်ပြည်နယ်များကို မျှဝေရန် လိုအပ်ပါသည်။ အကယ်၍ ဤသို့မဆောင်ရွက်ပါက မညီမျှသည့် အများပြည်သူဆိုင်ရင်းနှီးမြှုပ်နှံမှုများ၊ ညံ့ဖျင်းသည့် ကျန်းမာရေးနှင့် ပညာရေးဝန်ဆောင်မှုများ၊ ကျရှုံးနေသည့် နိုင်ငံတစ်ခုသဖွယ် ခံစားနေကြရမှုများ ပေါ်ပေါက်လာစေနိုင်ပါသည်။

## စီးပွားရေးဖွံ့ဖြိုးမှု မြန်ဆန်စေရန် ဖန်တီးခြင်း

၂၀၁၂ ခုနှစ်၏ ပြီးခဲ့သည့် ၈-လတွင် စီးပွားရေးနေးကွေးနေမှုနှင့် နောက်ဆုံး တိုးတက်မှု ပြန်၍ကျဆင်းနေမှုကြောင့် မူဝါဒများ ပြုပြင်ပြောင်းလဲရန် လိုအပ်နေကြောင်း ပြသနေပါသည်။ ပထမအချက်မှာ တိုင်းရင်းသားများနှင့် ငြိမ်းချမ်းရေးရယူနိုင်ပါက ကချင်ပြည်နယ်တွင် မိုင်းလုပ်ငန်းများ ပြန်လည်စတင်နိုင်ပါလိမ့်မည်။ ကျောက်စိမ်းနှင့် အခြားသောမိုင်းများသည် အရေးကြီးသည့် ဘဏ္ဍာဝင်ငွေ ရပေါက်ရလမ်းများ ဖြစ်ပါသည်။ ပဋိပက္ခစစ်ပွဲများကြောင့် ၎င်းထုတ်လုပ်မှုများကို သိသိသာသာ ကျဆင်းသွားစေပါသည်။ ဒုတိယအချက်မှာ လျှပ်စစ်ထောက်ပံ့ပေးနိုင်ရန်အတွက် ရေတိုနှင့် အလယ်အလတ်ကာလအတွက် အလေးပေးလုပ်ဆောင်မှုများ လိုအပ်နေပါသည်။ လက်ရှိအစီအစဉ်များမှာ ကြိုးနီစနစ်ကြောင့် ရှေ့ခရီးမပေါက်ဘဲ ရှိနေပြီး လျှပ်စစ်ကို တန်ဖိုးအလွန်တရာကြီးကြီးဖြင့်သာ ထောက်ပံ့ပေးနိုင်ပါသည်။ လုံလောက်အောင်လည်း ထောက်ပံ့နိုင်စွမ်း မရှိပါ။ (ဒီဇယ်အင်ဂျင်များသည် လျှပ်စစ် ၁ ကီလိုဝပ်နာရီ ရရှိရန် ဒေါ်လာ ၃၀-၄၀ ဆင့်မျှ ကုန်ကျပါ

[12] တန်ဖိုးနည်းကျောက်စိမ်းအချို့ မန္တလေး ဈေးကွက်သို့ ရောက်သည်မှာ မှန်သော်လည်း အခွန်ရှောင်ရန် တန်ဖိုးကြီး အရည်ကျောက်များမှာ ခိုးထုတ်သွားဖို့ လွယ်ကူပါသည်။ ထို့ကြောင့် ကျောက်စိမ်းတန်ဖိုး တွက်ချက်ရာတွင် နေပြည်တော်ကျောက်စိမ်းပြပွဲမှ ပျမ်းမျှပေါက်ဈေးနှင့် တွက်ချက်ထားခြင်းသည် အမှန်တကယ် ပေါက်ဈေးထက် လျော့၍ သိုသိုသိပ်သိပ် တွက်ထားခြင်းဖြစ်ပါသည်။

[13] မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြဿနာသည် ခက်ခဲသည့် ပြဿနာ ဖြစ်ပါသည်။ ယခင် နိုင်ငံတကာ အတွေ့အကြုံများအရ မူးယစ်ဆေးအစားထိုးစိုက်ပျိုးရေး အစီအစဉ်များဖြင့် အကယ်၍ သယ်ယူပို့ဆောင်ရေးစားရိတ် ကျဆင်းလာလျှင် အလုပ်ဖြစ်နိုင်ပါသည်။ ယခုအခါ ဘိန်းစိုက်ပျိုးခြင်းနှင့် အမ်ဖီတမင်း စိတ်ကြွဆေးထုတ်လုပ်ခြင်းမှာ အရေးကြီးသည့် ပြဿနာ ဖြစ်ပါသည်။ သို့သော်လည်း တရုတ်နိုင်ငံ၏ မူးယစ်ဆေး အစားထိုးစိုက်ပျိုးရေးအစီအစဉ်ကြောင့် မြေယာသိမ်းယူခြင်းနှင့် ရွှေ့ပြောင်း အခြေချရမှုများ ဖြစ်ပေါ်စေခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို မျှော်ကိုး၍ အကြီးစားစိုက်ခင်းများမျှသာ မဟုတ်ဘဲ လယ်သမားငယ်များကို အခြေပြုသည့် ပုံစံမိုဒယ်မျိုးကို စဉ်းစားရန် လိုအပ်ပါသည်။

သည်)။ [14] ကောင်းကင်ဂရစ်ကြိုးလိုင်းများ တိုးတက်ကောင်းမွန်စေရန်လည်း အထူးကြိုးပမ်းလုပ်ဆောင်မှုများ လိုအပ်နေပါသည်။ တတိယအချက်မှာ ငွေလဲလှယ်နှုန်းကို လက်တွေ့ကျသည့် နှုန်းထားအဆင့်ရောက်သည့်တိုင် ပြန်လည်သတ်မှတ်ရန် လိုအပ်နေပါသည်။ သို့မှသာ စိုက်ပျိုးရေးထုတ်ကုန်များနှင့် လုပ်အားကို အဓိကအသုံးချရသည့် လုပ်ငန်းများမှ ပြည်ပပို့ကုန်များအတွက် အားပေးတိုက်တွန်းမှု ဖြစ်စေပါလိမ့်မည်။ စတုတ္ထအချက်မှာ အမှန်တကယ် စွမ်းဆောင်နိုင်မည့် ဘဏ်လုပ်ငန်း အလျင်အမြန် တိုးတက်ဖွံ့ဖြိုးလာစေရေး လိုအပ်ပြီး၊ ၎င်းတို့မှ အငယ်စားနှင့် အလတ်စား လုပ်ငန်းများအတွက် လိုအပ်နေသည့်ချေးငွေများ ထုတ်ချေးပေးနိုင်မည် ဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် ပြည်တွင်းဘဏ်များကို ဖွံ့ဖြိုးစေရုံမျှမက နိုင်ငံခြားဘဏ်များကို ဝင်လာခွင့်ပြုရန်လည်း လိုအပ်သည်။ ပဥ္စမအချက်မှာ သယ်ယူပို့ဆောင်ရေးစားရိတ်များကို လျှော့ချရန်လည်း လိုအပ်ပါသည်။ ဤကိစ္စတွင် လမ်းများနှင့် ဆိပ်ကမ်းများ တိုးတက်ကောင်းမွန်အောင် ပြုပြင်ခြင်းနှင့် တရားဝင်နှင့် တရားဝင် မဟုတ်သည့် အဖိုးအခများ လျှော့ချခြင်းတို့ ပါဝင်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားစီးပွားရေးကို ဖန်တီးတည် ဆောက်ရန် လိုအပ်နေပြီး နိုင်ငံ၏ နေရာဒေသ အသီးသီးတို့က အချင်းချင်း ကုန်ကူးသန်းဖလှယ်ကြရန် ကျိုးကြောင်းဆီ လျော်သည့် နည်းလမ်းများ မရှိဘဲ မဖြစ်နိုင်ပါ။ အကယ်၍ စီးပွားရေးအလျင်အမြန် စတင်ဖွံ့ဖြိုးလာပါက၊ ၎င်းနည်းအားဖြင့် နိုင်ငံတစ်ဝှမ်းမှ အကျယ်အပြန့်သော ပြည်သူလူထုများကို ရလဒ်ကောင်းများ ခံစားရရှိစေပါက၊ အောင်မြင်သည့်မဟာမိတ် ဖွဲ့စည်းနိုင်ရန် အခွင့်အလန်းများ ပိုမိုအားကောင်းစေမည် ဖြစ်ပြီး၊ ပြုပြင်ပြောင်းလဲရေး အစီအစဉ်များလည်း ပို၍ရှေ့ရောက် လာပါလိမ့်မည်။

## သဘောတူညီချက်အသစ်ဖော်ဆောင်ရန် ရှင်းလင်းတင်ပြခြင်းနှင့် တိုက်တွန်းခြင်း

မြန်မာပြည်သူများက ဖြတ်သန်းခဲ့ရသည့် ဆယ်စုနှစ်များသည် မကောင်းကြောင်း သိရှိသဘောပေါက်ကြပါသည်။ သူတို့၏ မြေများ သိမ်းဆည်းခံခဲ့ကြရပြီး လူငယ်များ နိုင်ငံမှ ထွက်ခွာသွားခဲ့ကြပါသည်။ မြန်မာနိုင်ငံက အိမ် နီးချင်းနိုင်ငံများ၏ နောက်တွင် နောက်ကျကျန်ရစ်နေကြောင်း သိရှိကြပါသည်။ ဘင်္ဂလားဒေ့ရှ်ထက်ပင် နောက်ကျကျန်နေရစ်ပါသည်။ သို့အတွက် ပြည်သူများက သဘောတူညီမှု အသစ်ကို တောင့်တနေကြပါသည်။ ပြည်သူများလိုချင်နေသည့် သဘောတူညီမှု အသစ်တွင် ယခုစာတမ်း၌ ဖော်ပြထားသည့် အပြောင်းအလဲများ ပါဝင်ပါသည်။ ဥပဒေနည်းကျ အုပ်ချုပ်ရေး၊ ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရှိသည့် အစိုးရ၊ လျှော့နည်းသော စစ်သုံးစားရိတ်များ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကောင်းမွန်သော စီးပွားရေး မူဝါဒများ၊ လုံခြုံသည့် မြေယာပိုင်ဆိုင်မှုကို အပ်နှင်းပေးခြင်း စသည်တို့ ပါဝင်သော ဖယ်ဒရယ်မူဝါဒအသစ်ကို မဟာဗျူဟာတစ်ရပ်အဖြစ် ချမှတ်နိုင်ပါက ပြည်သူများက ထောက်ခံကြမည် ဖြစ်ပါသည်။ ထောက်လည်း ထောက်ခံသင့်ပါသည်။ ပြဿနာမှာ အတိတ်ကာလစနစ်မှ ယခုလက်ရှိတိုင် အကျိုးခံစားနေရသူများကို ပြုပြင်ပြောင်းလဲခွင့်ပြုရန် (သို့မဟုတ်) ပြုပြင်ပြောင်းလဲမှုများကို ထောက်ခံ လာစေရန်အတွက် တိုက်တွန်းရန် ဖြစ်ပါသည်။ အချို့က တုံ့ဆိုင်းလက်ရှိနေနိုင်ပြီး အင်အားစုမျိုးစုံပါဝင်သည့် ကျယ်ပြန့်သော မဟာမိတ်ဖွဲ့မှု ကသာ လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ လုပ်ရန် လုံလောက်သည့် တွန်းအား ဖြစ်စေပါလိမ့်မည်။ သို့အတွက်ကြောင့် ရှေ့သို့ဆက်လက်ချီတက်နိုင်ရန် အကျယ်အပြန့် မဟာမိတ်ဖွဲ့ ဆောင်ရွက်မှု လိုအပ်ပါသည်။

[14] အထူးသဖြင့်၊ မြေပြင်ပေါ်မှ ဖြတ်သန်းသွားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်း (မွန်ပြည်နယ်ကို ဖြတ်၍ မြောက်ပိုင်းသို့ တက်သွားကာ ရန်ကုန်သို့ ပို့ဆောင်ပေးနေသည်) မှာ ညံ့ဖျင်းစွာ တည်ဆောက်ထား၍ ဓာတ်ငွေ့ယိုစိမ့်မှုများလည်း ရှိနေပါသည်။ သို့အတွက်ကြောင့် ထိရောက်စွာ စွမ်းဆောင်နိုင်မှုလည်း မရှိတော့ပေ။ လက်ရှိပိုက်လိုင်းများကို ပို၍ကြီးမားသည့်၊ ပို၍ကောင်းမွန်သည့် သံမဏိပိုက်လိုင်းများနှင့် အစားထိုးသင့်ပါသည်။ သို့မှသာ လျှပ်စစ်မဂ္ဂါဝပ်အများ ထုတ်ယူရန် combined cycle plants စက်ရုံများကို တည်ဆောက်နိုင်မည် ဖြစ်ပြီး ရန်ကုန်ရှိ ကုန်ထုတ်လုပ်ငန်းများကို ဖွံ့ဖြိုးလာစေမည် ဖြစ်ပါသည်။ နိုင်ငံတကာ အကူအညီရန်ပုံငွေများ၊ နိုင်ငံတကာ ကန်ထရိုက်တာများကိုသုံး၍ နောက်ထပ်တည်ဆောက်ကြိုးပမ်းမှုကို သေချာရေရှည်ခံအောင် တည်ဆောက်သင့်ပါသည်။

အင်အားစုပေါင်းစုံကို တည်ဆောက်ရန်နှင့် တစည်းတလုံးတည်းရှိအောင် ထိန်းရန်မှာ မလွယ်ကူလှပါ။ အင်အားစုတိုင်းတွင် တစ်ကိုယ်တော် သွားလာလိုစိတ် ရှိသောသူများ ရှိသကဲ့သို့ လက်ရှိအခြေအနေကို နှစ်သက်နေသူများလည်း ရှိပါသည်။ တိုင်းပြည်ကောင်းစားရေးထက် ကိုယ်ကျိုးစီးပွား တိုးပွားရေး အတွက် ပိုပူပင်နေသော အရာရှိများလည်း(အနားယူပြီးသူများ အပါအဝင်) တပ်မတော်တွင် ရှိပါသည်။ အပစ်အခတ် ရပ်စဲရေး သဘောတူညီချက်များမှ အကျိုးအမြတ်ရရှိခဲ့သော တိုင်းရင်းသားပါတီများနှင့် လက်နက်ကိုင်အဖွဲ့များမှလည်း ၎င်းတို့ ရရှိနေသော သယံဇာတ ဝေစုနှင့် အခြားငွေဝင်သည့် လမ်းကြောင်းများကို စွန့်လွှတ်ကာ နိုင်ငံရေးအရ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဆိုပါက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ကြိုဆိုမှု ရှိချင်မှ ရှိပေလိမ့်မည်။ ပြည်နယ်အစိုးရကို ဦးစီးရန် ၎င်းတို့ ရွေးကောက်ပွဲနိုင်မှသည် လက်ခံကောင်းလက်ခံလိမ့်သည်။ အာဏာရပါတီတွင် နိုင်ငံရေး၊ စီးပွားရေး လိုအင်ဆန္ဒများစွာ ရှိသည့်အနက် ဆန္ဒအမြောက်အများကို လက်ရှိအခြေအနေမှ ပေးစွမ်းနိုင်ပါသည်။ NLD ပါတီအနေဖြင့်လည်း ၎င်းတို့၏ ပေါ်ပြူလာဖြစ်မှုကို ယုံကြည်မှုရှိသောကြောင့် မဟာမိတ်ဖွဲ့သောအခါတွင် အချို့အင်အားစုများကို ဖယ်ကျဉ်လိုခြင်း ရှိပေလိမ့်မည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိပြဿနာများအပေါ်တွင် အင်အားစုအများ ပါဝင်ဖြေရှင်းဆောင်ရွက်ခွင့်ရှိသည့် အဖြေမရဘဲ မအောင်မြင်ဖြစ်ခဲ့ရပါက နိုင်ငံအနေဖြင့် နောက်တစ်ကြိမ် အခွင့်အရေးရရန် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းကြရပါဦးမည်။ သေချာသည်မှာ ယခုကာလသည် အရေးကြီးသည့် လမ်းဆုံလမ်းခွသို့ ရောက်ရှိနေသည့်အချိန် ဖြစ်ပါသည်။ မအောင်မြင် ဖြစ်ရသည့် မူဝါဒများဖြင့် နောက်ထပ်ဆယ်စုနှစ်များစွာ ဆက်လက်ဖြတ်သန်းရဦးမည် ဆိုပါက နိုင်ငံ၏ သယံဇာတအရင်း အမြစ်များနှင့် စီးပွားရေးအာဏာအပေါ် ထိရောက်စွာထိန်းချုပ်နိုင်မှုကို အိမ်နီးချင်းနိုင်ငံများထံသို့ လက်လွှတ်ဆုံးရှုံးရမည် ဖြစ်ပါသည်။ တစ်ဖန် ယခုကာလသည် အမျိုးသားလုံခြုံရေးအတွက် အမှန်တကယ် ခြိမ်းခြောက်မှုဖြစ်နေပြီး အမြင် အတွေးအခေါ်အသစ်များ လိုအပ်နေသည့်အချိန် ဖြစ်ပါသည်။ လက်ရှိပြဿနာ၏ ပမာဏနှင့် သဘောသဘာဝကို မဆုပ် ကိုင်မိပါလျှင် ဝမ်းနည်းကြေကွဲဖွယ် ဖြစ်ပြီး နောက်ပြန်လှည့်၍ မရနိုင်သည့် ဦးတည်ချက်သို့လည်း ရောက်ရှိသွားနိုင်ပါသေး သည်။ မူဝါဒအသစ်များအတွက် တွန်းဆော်ရန် နိုင်ငံရေးခေါင်းဆောင်မှု လိုအပ်ရုံမျှသာမက ပြည်သူအများက ဤမူဝါဒများ ကို မငြင်းဆိုနိုင်ရန် ရှင်းပြတိုက်တွန်းနိုင်မည့် ခေါင်းဆောင်မှုလည်း ဖြစ်ရန် လိုအပ်ပါသည်။ သယံဇာတကုန်ကြမ်းများအပေါ် တွင် မှီခိုနေရသည့် မြန်မာနိုင်ငံကဲ့သို့သော နိုင်ငံတစ်ခုအတွက် နိုင်ငံရေးနှင့် စီးပွားရေးစနစ်များ ပြုပြင်ပြောင်းလဲရန်သည် အလွန်အမင်း ခက်ခဲလှပါသည်။ အမှန်တကယ် ကျော်လွှားအောင်မြင်ရန် ဆိုသည်မှာ "ရန်အားလုံး၊ အခက်အခဲအားလုံး" ကို ရင်ဆိုင်ဖြတ်သန်းရန် လိုအပ်ပါသည်။ အာဏာရှင်ဆန်ဆန်နည်းဖြင့် အဖြေကို ကြိုးပမ်းခဲ့ဖူးပြီဖြစ်ပြီး ညံ့ဖျင်းသည့်ရလာဒ် သာ ထွက်ပေါ်ခဲ့ပါသည်။[15] အခြားဖြစ်နိုင်ခြေရှိသည့် ရွေးချယ်စရာနည်းလမ်းတစ်ခုမှာ တစ်မျိုးတစ်ဖုံသော ဒီမိုကရေစီ နည်းကျ ဖက်ဒရယ်ဝါဒပင် ဖြစ်ပါသည်။ အမျိုးသား သွေးစည်းညီညွတ်မှု၊ ဖက်ဒရယ်ဝါဒ၊ နိုင်ငံရေးအရ ပြိုင်ဆိုင်မှုနှင့် အကျယ်အပြန့် ဖြန့်ဝေသက်ရောက်မှုရှိသည့် ဖွံ့ဖြိုးရေးတို့သည်သာ ရှေ့သို့ဆက်လက် ချီတက်ရမည့်လမ်း ဖြစ်ပါတော့သည်။

[15] နေပြည်တော်သို့ သွားရာလမ်းမကြီးသည် ဝန်တင်ကားကြီးများကို လက်ခံမောင်းနှင်စေခြင်း မပြုနိုင်ပါ။ ကွန်ကရစ်အားဖြင့် သံမဏိချောင်းများ မပါဘဲ ညံ့ဖျင်းစွာ တည်ဆောက်ထားပါသည်။ သယ်ယူပို့ဆောင်ရေးစားရိတ်သည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများထက် အဆပေါင်းများစွာ များပြားနေပါ သည်။ မွန်ပြည်နယ်မှ ရန်ကုန်သို့ ပို့ဆောင်သည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းမှာလည်း ပျက်စီးယိုစိမ့်မှုများ ရှိနေပြီး၊ ဓာတ်ငွေ့များစွာကို သယ်ဆောင်ပို့ လွှတ်ခြင်း မပြုနိုင်ပါ။ လူတစ်ဦးချင်းအတွက် လျှပ်စစ်ထောက်ပံ့ပေးမှုမှာလည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံထက် များစွာ နိမ့်ကျနေပါသည်။ ခရိုနီတို့ဖြင့်ဆောင်ရွက် သည့် ဖွံ့ဖြိုးတိုးတက်မှုသည် မအောင်မြင်ကျရှုံးခဲ့ပြီ ဖြစ်၍၊ နိုင်ငံလည်း သို့အတွက်ကြောင့် ဆင်းရဲသွားခဲ့ရပါသည်။ ယခုအခါ အစစ်အမှန်ပြောင်းလဲမှု လို အပ်နေပြီ ဖြစ်သည်။

## နောက်ဆက်တွဲ (၁)။ မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု။ ဒဏ္ဍာရီလော၊ အဖြစ်မှန်လော။

ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံ၏ ဂျီဒီပီနှင့် ပတ်သက်၍ ပြီးခဲ့သည့်အနည်းငယ်သော နှစ်များမှလွဲလျှင် ခန့်မှန်းတွက်ချက်ခြင်း မရှိခဲ့ပါ။ ဤသို့ ခန့်မှန်းခြင်းမပြုခဲ့သည်မှာလည်း ခိုင်လုံသော အကြောင်းပြချက် ရှိပါသည်။ ၂၀၀၀ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ တရားဝင် စာရင်းသတင်းအချက်အလက်များအရ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် တစ်နှစ်လျှင် ၁၂% ရှိနေပါသည်။ ဤအနေအထားမှာ ဆယ်စုနှစ်တစ်ခုတာအတွင်း အမှန်တကယ် ဂျီဒီပီ ၃ ဆ မျှ မြင့်တက်လာသည့်အခြေအနေပင် ဖြစ်ပါသည်။ အမှန်တွင် ဤသို့ဖြစ်ပေါ်ခဲ့ခြင်း မရှိပါ။ ဤအနေအထားတွင် မေးခွန်းမှာ အမှန်တကယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တွက် ချက်ရန် ကျိုးကြောင်းဆီလျော်သည့်နည်းနာများ ရှိပါသလော ဟူ၍ပင် ဖြစ်သည်။ အသုံးများကြသည့် ခန့်မှန်းတွက်ချက်မှုမှာ လျှပ်စစ်အသုံးပြုမှုကို ကြည့်ခြင်းပင် ဖြစ်သည်။ ဆင်းရဲသည့်နိုင်ငံများအဖို့ အမှန်တကယ် ဂျီဒီပီဖွံ့ဖြိုးတိုးတက်မှု အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာလျှင် လျှပ်စစ်အသုံးပြုမှုလည်း ၂ ဆမှ ၃ ဆတိုင် တိုးတက်လာသည်မှာ ထူးဆန်းအံ့သြဖွယ် ကိစ္စ မဟုတ်ပါ။[16] ၁၉၈၇ ခုနှစ်မှ ၂၀၀၈ ခုနှစ်များအတွင်း လျှပ်စစ်တိုးတက်မှုနှုန်းမှာ တစ်နှစ်လျှင် ၆% မျှသာ ရှိပါသည်။ ဤ အချက်ကို အခြေခံ၍တွက်လျှင် အမှန်တကယ် ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှုနှုန်းသည် တစ်နှစ်လျှင် ၂-၃ % သာ ရှိပါသည်။ လူဦး ရေဖွံ့ဖြိုးတိုးတက်မှုနှုန်းနှင့် များစွာ မကွာခြားလှပါ။ ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်တွင် လျှပ်စစ် နှစ်စဉ်တိုးတက်မှုနှုန်းမှာ ပျမ်းမျှ ၁၅% ရှိပါသည်။ သို့အတွက်ကြောင့် အမှန်တကယ် ဂျီဒီပီဖွံ့ဖြိုးမှုနှုန်းမှာ တစ်နှစ်လျှင် ၅% မှ ၇.၅% မျှ ရှိနိုင် ပါသည်။ ဤ အချက်မှာ ကုန်ကြမ်းထုတ်လုပ်မှု ထူးခြားစွာ တိုးတက်လာခြင်း၊ အချို့သောဝန်ဆောင်မှုများ တိုးတက်လာခြင်းနှင့် ကိုက်ညီ နေပါသည်။ သို့သော်လည်း ၂၀၁၂ ခုနှစ်တွင် ယခင်ပုံစံဟောင်းနှင့် တူညီသည့် နောက်ပြန်လှည့်သည့် အနေအထားကို တွေ့ရှိရပါသည်။ ၂၀၁၁ခုနှစ်နှင့်ယှဉ်လျှင် လျှပ်စစ်တိုးတက်မှု ၅% သာ တွေ့ရှိရပါသည်။ ဤအချက် ကို အခြေခံ၍တွက်လျှင် ဂျီဒီပီတိုးတက်မှုနှုန်းသည် ၂% ဝန်းကျင်သာ ရှိနိုင်ပါသည်။[17] ၂၀၁၂ ခုနှစ် နှင့် ၂၀၁၁ ခုနှစ် နှိုင်းယှဉ်ကြည့်လျှင် ပြည်ပပို့ကုန် ရရှိသည့် ဒေါ်လာငွေမှာ နိမ့်ကျသွားပါသည်။ ပြည်ပပို့ကုန် ၄% လျော့ကျသွားပြီး ပြည်တွင်းတင်သွင်းကုန်မှာ ၁% သာတက်သွားပါသည်။ ဤအလားအလာမှာ ဖွံ့ဖြိုးမှုနှုန်း အလွန်နှေးကွေးခြင်း၊ သို့မဟုတ် အနုတ်သဘော ဖြစ်နေခြင်းကို ထပ်တူပြ သနေပါသည်။ ၎င်းဖော်ပြချက်အရ စီးပွားရေးစနစ်တွင် ပြဿနာ အကြီးအကျယ် ရှိနေပါသည်။ မြန်မာနိုင်ငံအပေါ် စိတ်ဝင် စားမှုများ တိုးတက်များပြားလာချိန်၊ ပြင်ပကမ္ဘာမှ တိုး၍လက်ခံလာချိန်၌ စီးပွားရေးကျဆင်းနေသည့် အခြေအနေရှိနေပါ သည်။

ယခင်ကာလနှင့် ယခုကာလတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အမှန်တရားနှင့် ပတ်သက်၍ ပြဿနာရှိနေပါသည်။ ကုလသမဂ္ဂ အိမ်ထောင်စု စစ်တမ်းကောက်ယူမှုများ (UN Household Surveys) အရ စားနပ်ရိက္ခာ ဆင်းရဲနွမ်းပါးမှု အလျင်အမြန် ကျဆင်းလာနေပြီး ၎င်းအစီရင်ခံစာအရ ၂၀၀၅ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ဆင်းရဲနွမ်းပါးမှု ကျဆင်းသွားပါ သည်။ အခြားယုံကြည်လက်ခံနိုင်သည့် အချိန်ကာလအလိုက် မှတ်တမ်း အချက်အလက်များအရ လူတစ်ဦးချင်းစီအတွက် စားနပ်ရိက္ခာ ထုတ်လုပ်မှုကျဆင်းနေချိန်၌ စားနပ်ရိက္ခာ ဆင်းရဲနွမ်းပါးမှု ကျဆင်းသွားသည်မှာ အလွန်အမင်းသံသယဖြစ်

[16] ၁၉၉၀ မှ ၂၀၀၈ ခုနှစ်အကြား ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၇-၈% ရှိနေချိန်တွင် လျှပ်စစ် တိုးတက်မှုနှုန်းမှာ ၁၅% ရှိနေပါသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ၁၉၇၀-၉၅ ခုနှစ်များ၌ ၎င်းအချိုးမှာ ၂ ဆမှ ၃ ဆ ရှိပါသည်။ ဤအချိုးများအရ လူတစ်ဦးချင်း လျှပ်စစ်အသုံးပြုမှုနှုန်းမှာ မြန်မာနိုင်ငံထက် မြင့်မားနေသည်ကို လေ့လာတွေ့ရှိရပါသည်။

[17] လက်ရှိအနေအထားတွင် လျှပ်စစ် တောင်းဆိုမှု ဝယ်လိုအားမြင့်မားနေသည့် အခြေအနေ၌၊ လျှပ်စစ် တိုးတက်မှုနှုန်း ၈% မှာ အမှန်ကတယ် ဂျီဒီပီတိုးတက်မှုနှုန်း ၃- ၃.၅% နှင့်၊ လူတစ်ဦးချင်း၏ ဂျီဒီပီ တိုးတက်မှုနှုန်း ၂- ၂.၅% နှင့် ကိုက်ညီနေပါသည်။ ဤသို့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ မညီမမျှဘဲ ဖွံ့ဖြိုးနေမှု ဖြစ်နိုင်ရာ၊ လူအများအတွက် လူနေမှုအဆင့်အတန်း မြင့်မားလာဖွယ် မရှိနိုင်ပေ။

ဖွယ်ပင် ဖြစ်ပါသည်။ (အမေရိကန်ပြည်ထောင်စု၊ စိုက်ပျိုးရေးဌာန လေ့လာချက်များအရ၊ နိုင်ငံအလိုက် ကျွမ်းကျင်သူများက မြန်မာနိုင်ငံ၏ သီးနှံအထွက်ကို စောင့်ကြည့်လေ့လာနေကြပါသည်။) အမှန်တွင် ဝင်ငွေက ငွေဖောင်းပွမှုနှင့်ယှဉ်၍ တွက်ချက်သည့် အမှန်ဝင်ငွေ ကျဆင်းနေချိန်၌ အိမ်ထောင်စုများ၏ ဝင်ငွေထဲမှ စားနပ်ရိက္ခာအပေါ် သုံးစွဲနေရမှု ရာခိုင်နှုန်းအချိုးတိုး၍ သုံးစွဲနေရပါသည်။ ဝင်ငွေများလာလျှင် ဤသို့ ဖြစ်မည်မဟုတ်ပါ။ ၁၉၉၀ ခုနှစ်တွင် လူတစ်ဦးချင်းအတွက် စပါးထုတ်လုပ်မှုမှာ လူတစ်ဦးလျှင် ၃၆၀ ကီလိုဂရမ် ရှိပါသည်။[18] ၂၀၁၁ ခုနှစ်တွင် (အမေရိကန် ပြည်ထောင်စု စိုက်ပျိုးရေးဌာန လေ့လာချက်အရ) ၃၂၀ ကီလိုဂရမ်သာ ရှိပါသည်။ ၁၉၉၀ ခုနှစ်တွင် စားနပ်ရိက္ခာ ဆင်းရဲနွမ်းပါးမှုမှာ ၄၇% ဟု ခန့်မှန်းတွက်ချက်ခဲ့ပါသည်။ သို့သော် ၂၀၁၀ ခုနှစ်တွင် ကုလသမဂ္ဂ၏ စစ်တမ်းအရ ၅% အောက်သာတွေ့ရှိထားပါသည်။ (ဗီယက်နမ်နိုင်ငံတွင် ၂၀၀၄ ခုနှစ်၌ စားနပ်ရိက္ခာ ဆင်းရဲနွမ်းပါးမှုနှုန်း ၁၁% ရှိပြီး ထိုင်းနိုင်ငံ၌ ၁၆% ရှိပါသည်။ ၎င်းနိုင်ငံများက မြန်မာနိုင်ငံထက် ချမ်းသာကြပါသည်)[19] ကုလသမဂ္ဂ စစ်တမ်းတွင် အခြားနောက်ထပ် မဖြစ်နိုင်သည့် တွေ့ရှိချက်တစ်ခုမှာ ၎င်းက နေ့စဉ်ကယ်လိုရီစားသုံးမှုအပေါ် အခြေခံ၍ တွက်ချက်သည်ဟု ဆိုထားပြီး အလယ်အလတ်အဆင့် နေ့စဉ်စားသုံးမှု ၃,၄၀၀ ကယ်လိုရီ ရှိသည်ဟု ဆိုပါသည်။ ဤသည်မှာ မြင့်မားသည့် ကယ်လိုရီစားသုံးမှုဖြစ်ပြီး ဆွီဒင်နိုင်ငံကဲ့သို့သော နိုင်ငံမျိုးတွင် တွေ့ရပြီး နေ့စဉ်လိုအပ်ချက်ထက် ပို၍မြင့်မားနေပါသည်။ အကယ်၍ ကယ်လိုရီစားသုံးမှုမှာ ဤအတိုင်းအမှန်ဆိုပါက မြန်မာနိုင်ငံတွင် အဝလွန်ခြင်းမှာ အဓိကပြဿနာတစ်ခု ဖြစ်နိုင်ပါသည်။ ကျေးရွာအများသို့ ခရီးထွက်ခဲ့ရာတွင် အဝလွန်ခြင်းကို ပြဿနာတစ်ခုအဖြစ် နေရာအများတွင် အတည်ပြုနိုင်ခြင်း မရှိခဲ့ပါ။

အကယ်၍ တရားဝင် ဂျီဒီပီ၊ ကုလသမဂ္ဂ၏ ဆင်းရဲနွမ်းပါးမှုအဆင့်အတန်းနှင့် တရားဝင် ဆန်စပါးထုတ်လုပ်မှု အချက်အလက် ဒေတာများသာ မမှန်ကန်ခဲ့ပါက မည်သည့် အချက်အလက်ဒေတာများ မှန်ကန်ပါဦးမည်နည်း။ ဆယ်စုနှစ်နှစ်ခုကြာ လူတစ်ဦးချင်း စပါးထုတ်လုပ်မှုနှုန်း ကျဆင်းနေခဲ့ရာ ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားလာနေခြင်းနှင့် ကိုက်ညီနေပါသည်။ လူအများစုမှာ ကျေးလက်ဒေသတွင် ဆက်လက်နေထိုင်နေကြဆဲ ဖြစ်ပြီး သူတို့၏ သက်မွေးဝမ်းကျောင်းအတွက် လယ်ယာစိုက်ပျိုး ရေးကို မှီခိုနေကြရဆဲ ရှိပါသည်။ အကယ်၍ ၁၉၉၀ ခုနှစ်အတွက် စားနပ်ရိက္ခာ ဆင်းရဲနွမ်းပါးမှု ၄၇% သာ တိကျမှန်ကန်ခဲ့ပါလျှင် ယနေ့ကာလ ဆင်းရဲနွမ်းပါးမှုနှုန်း ပို၍မြင့်မားနေမည်ဟု ယူဆပါက ယုတ္တိကျနိုင်ပါသည်။ ၅၀% ထက်ပင် ပို၍ရှိနေနိုင်ပါသည်။ အစိုးရနှင့် လွှတ်တော်ခေါင်းဆောင်များက မြန်မာနိုင်ငံ အနေဖြင့် မည်မျှဆင်းရဲနေကြောင်း သဘောပေါက်မသိရှိပါက မူဝါဒများ ချမှတ်ရာတွင် လွဲချော်မည်ဖြစ်ပြီး လက်ရှိပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက်လည်း လုံလောက်အောင် ထိရောက်လေးနက်မှု မရှိနိုင်ပါ။ စိတ်ကူးမှန်းဆမှု မဟုတ်ဘဲ ဒေတာ သတင်းအချက်အလက်များအရ မည်မျှဆိုးရွားနေသည်ကို သိရှိရန် လိုအပ်ပါသည်။

ရှေ့လားရာမှာ အမှန်တကယ် အကောင်းဘက်သို့ဟု ယုံကြည်နေသူများအတွက် အခြားအချက်အလက်များ ထပ်မံဖော်ပြနိုင် ပါသေးသည်။

၁။ ၂၀၀၀ ခုနှစ်တွင်၊ စာရေးသူများက စီးပွားရေးကိန်းဂဏန်းများနှင့် ကျွမ်းဝင်သည့် မြန်မာစစ်ဗိုလ်ချုပ်တစ်ဦးကို တွေ့ဆုံမေးမြန်းခွင့် ရခဲ့ပါသည်။ သူက ပြောပြရာတွင် အဆင့်မြင့်အရာရှိကြီးက "ဂျီဒီပီ ကိန်းဂဏန်းကို အမိန့်ပေး" သည်။ ထို့နောက် သူ၏ အမိန့်အတိုင်း ထင်ဟပ်နိုင်အောင် ကိန်းဂဏန်းများကို ချိန်ညှိယူသည်ဟု ဆိုပါသည်။

[18] အငြိမ်းစား စိုက်ပျိုးရေးအရာရှိ တစ်ဦးက ဖော်ပြရာတွင်၊ ၁၉၉၀ ခုနှစ်တွင် ဒေတာ အချက်အလက် ကောက်ယူမှု၌ ဝင်ရောက်စွက်ဖက်မှု မရှိဘဲ၊ စနစ်မှာ လျော်ကန်ညီညွတ်စွာ လုပ်ကိုင်နေခဲ့ပါသည်။ ၁၉၉၀ ခုနှစ် နောက်ပိုင်းကာလများတွင် ပို၍ မှန်ကန်မှု နည်းလာပါသည်။ ၂၀၁၀-၁၁ ခုနှစ်တွင်၊ တရားဝင်နှစ်စဉ် စပါးထုတ်လုပ်မှုမှာ ၃၂.၆ သန်းတန် ရှိပြီး၊ အမေရိကန် ပြည်ထောင်စု စိုက်ပျိုးရေးဌာနက တွက်ချက်သည့် စပါးထုတ်လုပ်မှုမှာ (၅၈% မြေအသုံးချမှုနှင့်အတူ) ၁၈. ၂ သန်းတန် ရှိသည်ဟု ဆန်ထုတ်လုပ်မှု ၁၀. ၈ သန်းတန်ကို အခြေခံ၍ ခန့်မှန်းပါသည်။ မြန်မာအစိုးရ၏ တရားဝင်ခန့်မှန်းချက်မှာ အမေရိကန် အစိုးရ၊ စိုက်ပျိုးရေးဌာန ခန့်မှန်းချက်ထက် ၈၀% ပိုနေပါသည်။

[19] စီးပွားရေးနှင့် နိုင်ငံရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အခြေခံမူဘောင် (မူကြမ်း) "Framework for Economic and Social Reforms: Policy Priorities for 2012-2015" (Draft), p. 8

ယခု အလွန်မြင့်မားစွာ ဖွံ့ဖြိုးမှုနှုန်းရှိနေခြင်းသည် လိမ်ညာထားသည့် ကိန်းဂဏန်းများမျှသာ ဖြစ်သည်ဟု ဝန်ခံပြောဆိုပါသည်။ သတိပြုရန်မှာ ၁၉၉၀-၉၁ တွင် ယခုကဲ့သို့ လိမ်ညာမှုများကို အတင်းအကျပ်လုပ်ဆောင်စေရန် ခိုင်းစေခဲ့ ခြင်း မရှိဘဲ ဂျီဒီပီတိုးတက်မှုနှုန်းမှာ ၃% အောက်သာ ရှိခဲ့ပါသည်။ လူတစ်ဦးချင်းအတွက် အမှန်တကယ် ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှုနှုန်းမှာ ၁% သာ ရှိခဲ့ပါသည်။

၂။ ကိုယ်အလေးချိန် လျော့နည်းသည့် ကလေးများ၏ နှုန်းမှာ ၁၉၉၀ ခုနှစ်မှ ၂၀၀၃ ခုနှစ်အတွင်း ၂၈. ၈% မှ ၂၉.၆% အထိ မြင့်မားလာခဲ့ပါ သည်။ ဤကာလသည် ဆယ်စုနှစ်တစ်စုအတွင်း အမှန်တကယ် ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၂ ဆမှ ၃ ဆ ရှိနေသည်ဟု ဆိုသည့်ကာလများ ဖြစ်နေပါသည်။

၃။ (တရားဝင်စာရင်းများအရ) စပါးထုတ်လုပ်မှုသည် ၃၂.၆ သန်းတန် အမှန်တကယ် ဖြစ်သည်ဆိုပါက ဆန် ထုတ်လုပ်မှုသည် တန်ချိန် ၁၉ သန်း ရှိသင့်ပါသည်။ အတွေ့အကြုံများသည့် ဆန်စက်ပိုင်ရှင်တစ်ဦးအဆိုအရ မြန်မာနိုင်ငံတွင် လူတစ်ဦးချင်း၏ ဆန်စားသုံးမှုနှုန်းမှာ ၁၆၀-၁၈၀ ကီလိုဂရမ်သာ ရှိပါသည်။ သို့ဆိုလျှင် ပြည်တွင်းစား သုံးမှုအတွက် ၁၀ သန်းတန် လိုအပ်ပါသည်။ ထိုအခါ မျိုးစပါးနှင့် တိရိစ္ဆာန်အစာချန်လျှင်ပင် ပြည်ပသို့ ၇-၈ သန်း တန် တင်ပို့နိုင်ပါလိမ့်မည်။ အမှန်တကယ် ဆန်ပြည်ပတင်ပို့မှုမှာ ၁/၂ မှ ၁ သန်းတန်သာ ရှိပြီး အမေရိကန်ပြည် ထောင်စု စိုက်ပျိုးရေးဌာနမှ ကိန်းဂဏန်းများနှင့်လည်း တိကျကိုက်ညီပါသည်။ အစိုးရ၏ ဆန်ထုတ်လုပ်မှုကိန်း ဂဏန်းများမှာ တိကျမှန်ကန်ခြင်း မရှိပါ။

၄။ စာရေးသူနှင့် အခြားသူများက ကျေးလက်ဒေသများသို့ အကြိမ်များစွာ သွားရောက်ခဲ့ရာတွင် ခက်ခဲသည့် ကျေးလက်လူနေမှုဘဝအကြောင်း တွေ့ရှိချက်များ ဆက်၍ တူညီစွာ တွေ့ရှိနေကြရပါသည်။ ဤအချက်မှာ ယခု အလျင်အမြန် တိုးတက်နေသည့်အနေအထားနှင့် လုံးဝဖီလာ ဆန့်ကျင်နေပါသည်။ ၂၀၁၀ ခုနှစ်၌ ကျေးရွာများ အတွင်း အသက် ၅-နှစ်အောက်ကလေးများ လက်မောင်းလုံးပတ် တိုင်းထွာစစ်ဆေးမှုများတွင် ၉၅ % သော ကလေးများသည် အလယ်အလတ်အောက် ရှိနေကြောင်း တွေ့ရှိရပါသည်။ (အမှန်ဝန်ခံရလျှင် ကျပန်းရွေးချယ် တိုင်းထွာမှု မဟုတ်ခဲ့ပါ။) ပိုသေချာစေရန် စမ်းသပ်တိုင်းတာမည့် လူဦးရေအရေအတွက်ကို ချဲ့၍ လေ့လာမှုများ ပြုလုပ်ပါမည်။

၅။ ပြီးခဲ့သည့်နှစ်များတွင် မြေဧကသန်းပေါင်းများစွာကို စစ်တပ်၊ အစိုးရနှင့် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့များ က သိမ်းယူခဲ့ကြပါသည်။ သို့အတွက်ကြောင့် (မလုံလောက်သည့်) လျော်ကြေးများ ပေးခဲ့သည့်တိုင် ကျေးလက် နေအိမ်ထောင်စုများအတွက် လူမှုဖူလုံရေး သိသိသာသာ လျော့နည်းကျဆင်းခဲ့ရပါသည်။ ဤသို့မြေများသိမ်းယူ မှုကြောင့် လူမှုဖူလုံရေး သိသိသာသာ ကျဆင်းခဲ့ရခြင်းကို မရေမတွက်နိုင်သည့် သွားရောက်လေ့လာမှုများတွင် အတည်ပြုနိုင်ခဲ့ပါသည်။

၆။ သန်းနှင့်ချီသည့် မြန်မာနိုင်ငံမှ အလုပ်သမားများ ပြောရလျှင် လုပ်အား အင်အားစု၏ ၁၀% မျှသည် ထိုင်းနိုင်ငံ နှင့် အခြားနိုင်ငံများတွင် အလုပ်လုပ်ကိုင်ရန် ထွက်ခွာသွားကြပါသည်။ နှိုင်းယှဉ်ချက်အရ ၎င်းတို့အများစုမှာ ကောင်းမွန်စွာ ဆက်ဆံပြုမှု မခံကြရပါ။ (၎င်းတို့မှာ တရားဝင် ပြည့်ပြည့်ဝဝ နေထိုင်ခွင့် မရကြရဘဲ လူနည်း စုသာ တရားဝင် ကာကွယ်ပေးမှု ရရှိကြသည်)။ ပိုမိုကောင်းမွန်သည့် လုပ်ခလစာက "ဆွဲဆောင်အား" ဖြစ်သည့် တိုင် ဆက်၍ထွက်ခွာသွားနေကြခြင်းမှာ "တွန်းပို့အား" က အရေးပါကြောင်း ပြသနေပါသည်။

ဤလေ့လာတွေ့ရှိချက်များ အချက်အလက်များသက်သက်ဖြင့် နိဂုံးချုပ်ရန် မဖြစ်နိုင်သေးပါ။ သို့သော်လည်း အချက်များကို ပေါင်းခြုံလိုက်ပါက လက်တွေ့မကျဘဲ ဖြစ်နေသည့် တရားဝင် သတင်း အချက်အလက်ဒေတာများနှင့် ပြီးခဲ့သည့် အနှစ်နှစ်ဆယ်ကို ဖြတ်သန်းခဲ့ရကြောင်း ထင်ရှားဖော်ပြနေပါသည်။ အစစ်အမှန် ဂျီဒီပီ ဖွံ့ဖြိုးတိုးတက်မှုသည်

များသောအားဖြင့် လျင်မြန်စွာ တိုးတက်နေခြင်း မရှိဘဲ နေးကွေးနေပါ သည်။ ဆင်းရဲနွမ်းပါးမှုမှာ မြင့်မားနေဖွယ် ရှိပြီး ၉၀% လျော့ကျသွားခြင်းမှာ မဖြစ် နိုင်ပါ။ အလုပ်သမားများက နိုင်ငံမှ မနေဘဲ ထွက်ခွာနေကြပါသည်။ လူတစ်ဦးချင်း အစားအစာ ထုတ်လုပ်မှုမှာ မတိုးတက်နေဘဲ ကျဆင်းနေပါသည်။ ကျေးလက်နေအိမ်ထောင်စုများမှာလည်း မြေယာမဲ့များ (သို့မဟုတ်) ၎င်းအခြေအနေ ကျရောက်လုနီးပါး ဖြစ်နေကြသူများ (၁ ဧကထက်နည်း၍ ပိုင်ဆိုင်နေကြသည်)၏ အရေအတွက်နှင့် အချိုးအစားသည် တိုးတက်များပြား လာနေပါသည်။ အကယ်၍ အခြားသော ဖော်ပြချက်ပုံပြင်ကို ယုံကြည်လက်ခံနေပါက မကြာသေးမီက ဆင်းရဲနွမ်းပါးမှုနှင့် ပတ်သက်၍ ဆွေးနွေးနေချက်များသည် အကြောင်းအချက်မဲ့၊ မှားယွင်းသောကိစ္စများ၊ ယူဆချက်များသာ ဖြစ်နေပါလိမ့်မည်။ အမှန်တရားကို လက်ခံရသည်မှာ အများသဖြင့် မချိုမြိန်လှသော်လည်း မည်သည့်ကိစ္စများ လုပ်ဆောင်ရန် လိုအပ်သည်ကို နားလည်ရမည် ဖြစ်ပါသည်။ အလျင်အမြန်ဖွံ့ဖြိုးတိုးတက်မှုများ ဖြစ်နိုင်ခြေရှိပြီး ဤသို့ဖြစ်ပေါ်လာပါက သိသာနိုင်ပါသည်။ သို့သော်လည်း အမှန်တကယ် တိုးတက်မှုများကို တိုင်းတာနိုင်ရန် ပေတံများလို အပ်ပါသည်။

## နောက်ဆက်တွဲ (၂)။ မြန်မာနိုင်ငံရှိ မြေယာများ။ အသိအမှတ်ပြုရတော့မည့် အချိန်ကာလ ဖြစ်သည်။

မြန်မာနိုင်ငံ၏ မြေယာကိစ္စကို လေ့လာကြည့်ခြင်းအားဖြင့် အစိုးရ၊ စစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်များနှင့် ဩဇာတိက္ကမရှိသည့် စီးပွားရေးလုပ်ငန်းရှင်များက မြေယာအများကို သိမ်းပိုက်ထားခဲ့ကြောင်း ဖော်ပြနေပါသည်။[20] ဤမြေများသည် များသောအားဖြင့် စိုက်ပျိုးခဲ့ကြသည့် မြေများဖြစ်ပြီး ရံဖန်ရံခါ ဒေသခံများက ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် စိုက်ပျိုးခဲ့ကြသည့် မြေများ ဖြစ်ပါသည်။ မြေအများစုတွင် မျိုးဆက်နှင့်ချီ၍ နေထိုင်လုပ်ကိုင်ခဲ့ကြပါသည်။ အချို့က ဤမြေများပေါ်တွင် ဆယ်စုနှစ် တစ်ခု၊ နှစ်ခုမျှ အထိုင်ချခဲ့ကြပြီး ဖြစ်ပါသည်။ ကိစ္စအများစုတွင် မြေသိမ်းစဉ်က လျော်ကြေးဟူ၍ စိုးစဉ်းမျှ (သို့မဟုတ်) လုံးဝပြန်လည်ပေးခဲ့ကြခြင်း မရှိပါ။ အချို့သော ကိစ္စများတွင် သိမ်းယူခဲ့သည့်မြေကို ယခင်ပိုင်ရှင်အားပြန် လည် အငှားချထားခြင်းမျိုးလည်း ရှိပါသည်။ ယခင်ပိုင်ရှင်က ပိုင်ရှင်သစ်ကို မြေငှားခပေးဆောင်လျှင် သီးနှံပြန်လည်စိုက်ပျိုး ခွင့်ပြုပါသည်။ မြေဧက မည်မျှသိမ်းဆည်းခဲ့သည်ကို အတိအကျ မသိရှိနိုင်သလို၊ သိမ်းခဲ့သောမြေများကိုလည်း သိမ်းခဲ့စဉ် က ရည်ရွယ်ချက်အတိုင်း အသုံးပြု-မပြု အတိအကျ သိရှိနိုင်ခြင်း မရှိပါ။ သို့သော် သေချာသည့်အချက်မှာ ယခင်နှင့် ယခု ဥပဒေများအရ ဩဇာညောင်းသည့် အင်အားစုများကို လိုအပ်သည်ထက် မြေများပို၍သိမ်းပိုက်ရန် မက်လုံးများပေးထားပါသည်။ ဥပမာအားဖြင့် - ရှမ်းပြည်နယ်ရှိ မူဆယ်စီးပွားရေးဇုန်တည်ဆောက်ရန် မြေဧက ၈၆,၀၀၀ ရယူရန် ရှိပါသည်။ ၎င်း အကျယ်အဝန်းမှာ ၁၁ မိုင်x၁၂ မိုင် ဧရိယာနှင့် ညီမျှပါသည်။ ရှမ်းပြည်နယ် တောင်ပိုင်း၊ တောင်ကြီးမြို့အနီးရှိ သံမဏိစက်ရုံ အတွက် ဧက ၈,၀၀၀ ကျော်ကို သိမ်းပိုက်ခဲ့ပါသည်။ ထို့အပြင် ယူရေနီယံတူးဖော်ခြင်းကိုလည်း ဆက်လက်လုပ်ဆောင်ရန် ဖြစ်နိုင်ပါသေးသည်။ သို့သော်လည်း ဤမြေများမှာ မူလကပိုင်ရှင်မဲ့ မြေများမဟုတ်သောကြောင့် အကယ်၍ ပြင်ပပေါက် ဈေးအတိုင်းသာ ရယူရမည့်မြေအတွက် ပေးချေရမည်ဆိုပါက ပို၍ကျဉ်းသည့်မြေကိုသာ လိုအပ်မည်၊ ရယူလိမ့်မည်ဟု ယူဆရပါသည်။[21]

မကြာမီက ပြဋ္ဌာန်းခဲ့သော မြေယာဥပဒေအသစ်အရ မြေယာသိမ်းယူမှုများအပေါ် အကန့်အသတ်ဖြင့်သာ ကာကွယ်မှုပေးနိုင်ပါသည်။ မြေအများစုမှာ မြေပိုင်ဆိုင်မှု အထောက်အထားများ မရှိကြသဖြင့် အချို့ (ရွှေ့ပြောင်းတောင်ယာများ) အတွက် မြေပိုင်ဆိုင်မှုလက်မှတ်များ ရယူပိုင်ခွင့် မရှိကြပါ။ ပိုင်ဆိုင်ခွင့်အထောက်အထားများသည် အစဉ်သဖြင့် မြေယာသိမ်းယူမှုများ ကို ကာကွယ်ပေးနိုင်ခြင်း မရှိကြသလို မြေစာရင်းဦးစီးဌာန အရာရှိအများက စာရင်းများကို "ပြန်၍ပြင်ဆင်ပေးလိုက်ခြင်း" (သို့မဟုတ်) ဩဇာရှိသူ၊ ငွေရှိသူများကို အစားထိုးမြေယာပိုင်ဆိုင်မှု လက်မှတ်များ ထုတ်ပေးခဲ့ခြင်းများ ရှိပါသည်။ မည်သည့် ကိစ္စမျိုးတွင်မဆို မြေယာပိုင်ဆိုင်မှု လက်မှတ်များ၊ မြေယာတိုင်း မြေပုံများ ရရှိရန်အတွက် ငွေကြေးကုန်ကျပြီး မသေချာလှသည့် ဤသို့ကာကွယ်ပေးမှုလက်မှတ်မျိုးအတွက် လယ်သမားအနည်းစုကသာ ငွေကုန်ကြေးကျခံ ပြုလုပ်လိုကြပါသည်။ ကျွမ်းကျင်သူပညာရှင်အားလုံး၏ တူညီသည့်အမြင်မှာ ဥပဒေအသစ်ကို မပြင်ဆင်လျှင်၊ မြေယာလေလံပေးမှုများအတွက် မျှတမှုရှိစေအောင် သတိပေးချက်များ မပြုလုပ်လျှင် မြေကွက်ငယ်များကို ဈေးပိုပေးနိုင်သည့် သူများထံ ရောင်းချလိုက်ဖွယ် ရှိပါသည်။

---

[20] မကြာသေးမီက လေ့လာချက်များတွင်၊ "Myanmar at the HLP Crossroads" by Displacement Solutions, October 2012; "Developing Policy Options for Addressing Land Grabbing and Speculation in Myanmar" by Displacement Solutions, July 2012; "Financing Dispossession: China's Opium Substitution Programme in Northern Burma" by Transnational Institute, February 2012; and "Upland Land Tenure Security in Myanmar: An overview" by the Food Security Working Group, February 2011 စသည်တို့ ပါဝင်ကြပါသည်။ ဤလေ့လာတွေ့ရှိချက်များက ဖော်ပြနေကြသည်မှာ အနည်းဆုံး မြေ ၁. ၇ သန်းဧကကို သိမ်းယူခဲ့ကြပြီး၊ သန်းဆယ်ဂဏန်းကျော် မြေများမှာ လျော်ကြေးအနည်းငယ်မျှနှင့် ထပ်မံသိမ်းယူခံရမည့် အန္တရာယ်လည်း ရှိနေပါသည်။

[21] မိမိတို့ကို ဖော်ပြပြောဆိုချက်များအရ ရှမ်းပြည်နယ်ရှိ မြေမြင့်ဒေသများတွင် မြေတစ်ဧကလျှင် ၆ သိန်းကျပ် (အမေရိကန်ဒေါ်လာ ၇၀၀ မျှ) တန်သည်ဟု ဆိုကြပါသည်။ အကယ်၍ လျော်ကြေးပေးဆောင်သည် ဆိုသော်မှ၊ ၎င်းတန်ဖိုး၏ အချိုးအနည်းငယ်မျှကိုသာ ပေးလျော်ကြပါသည်။ အထူးသဖြင့် တစ်ဧကလျှင် ဒေါ်လာ ၂၀၊ သို့မဟုတ် လျော့နည်း၍ ရရှိကြပါသည်။ ၂၀၁၂ ခုနှစ်တွင် မြေငှားမည်ဆိုလျှင်ပင် တစ်နှစ်အတွက် ၂ သိန်းကျပ် (ဒေါ်လာ ၂၄၀ မျှ) ပေးကြရပါသည်။ အမြင့်မားဆုံး မြေအတွက်လျော်ကြေးပေးသည် ဆိုလျှင်သော်မှ ဤတန်ဖိုး၏ ဆယ်ပုံတစ်ပုံသာ ရရှိကြပါသည်။

သို့မဟုတ် တရားဝင်သည့် အထောက်အထား လက်မှတ်များ ရှိပါက လုံလောက်သည့်လျော်ကြေး မပေးအပ်ဘဲ မြေသိမ်းမှုများမှ အမှန်တကယ် ကာကွယ်မှုပေးရန် လိုအပ်ပါသည်။ ထို့အပြင် သစ်တောများကို ကုမ္ပဏီကြီးများကို လွှဲပြောင်းပေးအပ်မည့်အစား အမြင်ကျယ်စွာအသုံးချ မည့် လယ်သမားငယ်များကိုသာ ပေးအပ်သင့်ပါသည်။ ဤသို့သော ပြင်ဆင်ပြဋ္ဌာန်းချက်များ မပြုလုပ်ပါက ၎င်းမြေယာဥပဒေသည် ဓနရှင်ကြီးများ၊ ဩဇာရှိသူများအတွက်သာ အကျိုးရှိစေမည် ဖြစ်၍ လယ်သမားများ၊ မြေယာပိုင်ဆိုင်သူများအတွက် အနည်းငယ်မျှသာ အကာအကွယ် ဖြစ်စေပါလိမ့်မည်။ လွှတ်တော်သို့ တင်ပြတောင်းဆိုမှုမှ ပြန်လည်ကုစားမှု ရရှိနိုင်သော်လည်း ဤသည်မှာ ရှည်လျားပြီး မသေချာသည့်လုပ်ငန်းစဉ် ဖြစ်ပါသည်။

အကယ်၍ ပြည်နယ်များတွင် အမှန်တကယ် ရွေးချယ်တင်မြှောက်ခံရသည့် ပြည်နယ်အစိုးရများကို ခွင့်ပြုခဲ့ပါက ယခင်မြေသိမ်းခဲ့မှုများကို ပြန်၍စိစစ်မှုများ ပြုဖွယ် ရှိပါသည်။ အကြောင်းမှာ ယခင်မြေသိမ်းယူမှုများအပေါ် မကျေနပ်မှုများ အများအပြား ရှိနေကြသောကြောင့် ဖြစ်ပါသည်။ ယခင်မြေသိမ်းယူခဲ့မှု အများစုမှာ အတင်းအကျပ်နည်း၊ တရားမဝင်သောနည်းဖြင့် ဆောင်ရွက်ခဲ့ကြပါသည်။ ယခင်ပိုင်ဆိုင်ခဲ့သူများကို မြေယာများ လုံးဝပြန်ပေးရေးမှာ မေးစရာ လိုအပ်သည့်ကိစ္စမဟုတ်ပေ။ ၎င်းမြေယာကို မည်သူက အသုံးချခဲ့သည်၊ သို့မဟုတ် မည်သူက "ပိုင်ဆိုင်သည်" ဟူသည့် သမိုင်းမှာ ပထမထည့်သွင်းစဉ်း စားရမည့် အချက်တစ်ခုဖြစ်ပါသည်။ ဒုတိယထည့်သွင်းစဉ်းစားရမည့်အချက်မှာ သိမ်းယူခဲ့သော မြေများ ယခုအခါ မည်မျှထုတ်လုပ်နိုင်စွမ်း ရှိနေသနည်းဟူသည့် အချက်ဖြစ်ပါသည်။ အကယ်၍ အထူးသိသာသည့် ဖွံ့ဖြိုးတိုးတက်မှုများရှိပါက မြေကိုပြန်၍ ပေးအပ်စေသည်ထက် ယခင်မူလတန်ဖိုးအတိုင်း လျော်ကြေးပေးဆောင်စေသည်က ပို၍ကောင်းပါသည်။ တတိယထည့်သွင်းစဉ်းစားရမည့်အချက်မှာ လက်ရှိမြေပိုင်သူ၏ ဩဇာလွှမ်းမိုးမှု၊ အာဏာပင် ဖြစ်ပါသည်။ မြေသိမ်းပိုက်ခဲ့သူမှာ စစ်တပ်ဖြစ်ပါက သိမ်းယူခဲ့စဉ်ကလို အလွယ်တကူ ပြန်ပေးအပ်လိမ့်မည် မဟုတ်ပါ။ သို့သော်လည်း ဖွံ့ဖြိုးတိုးတက်မှု မရှိပါက နိုင်ငံခြားကုမ္ပဏီများကို လုပ်ကိုင်စေသင့်ပါသည်။ အထူးမြေယာစီစစ်ရေးလုပ်ငန်းတစ်ခုကို အကျယ်အပြန့် ဆောင်ရွက်မှသာ မြေယာအမှုများကို မည်သို့ဆုံးဖြတ်ဆောင်ရွက်ရမည်ကို လေ့လာသုံးသပ်နိုင်မည် ဖြစ်ပါသည်။

ဤလုပ်ငန်းစဉ်အပေါ် အထောက်အကူဖြစ်စေမည့် အဆင့်တစ်ခုမှာ မြေယာအခွန်ကောက်ခံခြင်းပင် ဖြစ်ပါသည်။ မိသားစုများအတွက် မြေ ၁၀ ဧက (သို့မဟုတ်) ၂၀ ဧကခန့်ကို ချွင်းချက်ထား၍ ကျန်မြေအားလုံးကို ဧရိယာအကျယ်အဝန်းအလိုက်၊ အမျိုးအစားအလိုက် အခွန်ကောက်ခံနိုင်ပါသည်။ ဥပမာအားဖြင့် မြေဧက ၂၀ခန့် ပိုင်ဆိုင်သည့် မိသားစုတစ်ခုသည် အခွန် ပေးဆောင်ရန် မလိုအပ်သော်လည်း မြေ ဧက ၃၀ ပိုင်ဆိုင်သည့် မိသားစုကမူ မြေ ၁၀ ဧကအတွက် အခွန်ပေးဆောင်ရမည် ဖြစ်ပါသည်။ ကင်းလွတ်ခွင့်ပြုထားသည့် မြေဧက ၂၀ ထက် ကျော်လွန်သည့် ပမာဏအပေါ် အခွန်ကောက်ခံခြင်း ဖြစ်ပါသည်။ ဤသို့ မြေခွန်ကောက်ခံခြင်းသည် စိုက်ပျိုးရေးကုမ္ပဏီကြီးများ (သို့မဟုတ်) မြေဖောက်ကားရောင်းဝယ်သူများအပေါ် အခွန်ကြီးလေးစွာ ကျရောက်စေမည် ဖြစ်ပါသည်။ အကယ်၍ ကုမ္ပဏီတစ်ခုက ၎င်းမြေပေါ်မှနေ၍ လျော်ကန်သည့် တန်ဖိုး ရရှိခံစားနေရသည်ဟုဆိုလျှင် ၎င်း၏အမြတ်ငွေများအပေါ် အခွန်သင့်ငွေ ဒုက္ခဝန်ထုပ်ဝန်ပိုး ထူး၍ ဖြစ်စေမည် မဟုတ်ပါ။ အကယ်၍ မြေကို လက်ဦးမှုရရုံသာ ယူထား၍ ၎င်းမြေပေါ်တွင် ရင်းနှီးမြှုပ်နှံခြင်းမပြုပါက မြေရောင်းဝယ်ဖောက်ကားသူများအနေဖြင့် အခွန်ဝန်ထုပ်ဝန်ပိုး လျော့ပါးစေရန် မြေကိုရောင်းချခြင်းကို စေ့ဆော်စေပါမည်။ ကောက်ခံရရှိသည့်အခွန်များကို သုံး၍ မြေသိမ်းခံရသူများအားလည်းကောင်း၊ ယခင်က လျော်ကြေးကောင်းစွာ မရရှိသူများအားလည်းကောင်း၊ မြေယာပြန်လည် မရရှိတော့မည့်သူများအားလည်းကောင်း လျော်ကြေးပေးဆောင်နိုင်စေမည် ဖြစ်သည်။ မြေအခွန်သည် မြေတန်ဖိုး၏ ၁% ထက် မကျော်လွန်သင့်ပေ။ ဤသို့အခွန်ကောက်ယူခြင်းအားဖြင့် မည်သို့သော မြေယာပြန်လည်စစ် ဆေးမှုဘုတ်အဖွဲ့မျိုးအတွက်မဆို လုပ်ငန်းပို၍ လွယ်ကူစေပြီး မြေယာဝယ်ယူ စျေးကစားနေသူများက အထူးခုခံဆန့်ကျင်နေကြတော့မည် မဟုတ်ဘဲ မြေများ ပြန်လည်ပေးအပ်ခြင်း (သို့မဟုတ်) သူတို့သိမ်းယူထားသည့် မြေအချို့ကို ပြန်၍ရောင်းချခြင်း

ပြုကြတော့မည် ဖြစ်သောကြောင့်ပင် ဖြစ်သည်။ (အခြားတစ်နည်းမှာ သူတို့က ခုခံဆန့်ကျင်မှု ပြုနိုင်ပြီး၊ စတင်ရင်းနှီးမြှုပ်နှံမှုများလည်း ပြုကောင်း ပြုလာနိုင်ပါသည်။)

မြေယာဆုံးရှုံးရသည့် မိသားစုများကို ပြန်လည်လျော်ကြေးပေးရန် ဖြစ်နိုင်သော နောက်ထပ်နည်းတစ်ခုမှာ သူတို့၏မူလ မြေယာများ ပြန်လည်မရရှိသော်လည်း ပို၍ကောင်းမွန်သည့် မြေကို ပြန်ပေးခြင်း ဖြစ်ပါသည်။ မြေပေါ်တွင် လက်ဖက် (သို့မဟုတ်) ရာဘာပင်များစိုက်ထားသောကြောင့် တောင်ယာစိုက်ပျိုးကြသည့် မြေများကဲ့သို့ပင် မိသားစုအတွက် ရပ်တည်ရန် ဝင်ငွေရရှိစေလိမ့်မည် ဖြစ်သည်။ မြေကွက်ငယ်အချို့ကို ချေးငွေပေးခြင်း၊ စိုက်ပျိုးပင်များပေးခြင်း၊ ဓာတ်မြေသြဇာနှင့် သင့်လျော်သည့် စိုက်ပျိုးစားရိတ်ကုန်ကျငွေများ ပံ့ပိုးပေးခြင်းအားဖြင့် စူးစမ်းမှုများပြုလျှင် သင့်လျော်မည်ဟု ယူဆမိပါသည်။ (ယခုအခါ လယ်သမားအများစုမှာ ကြွေးမြီတင်ရှိနေကြပြီး သီးနှံပေါ်ချိန်တွင် ၎င်းတို့၏သီးနှံများကို အလွန်နိမ့်သောဈေးဖြင့် ရောင်းချနေကြရပါသည်)။ တင်ပြလိုသည်မှာ မြေကွက်ပေါ်တွင် ပြန်၍အစားထိုးပေးသည့် အရင်းအနှီး (ပုံမှန်စိုက်ပျိုးထားရှိသည့် လက်ဖက်၊ သို့မဟုတ် ရော်ဘာပင်များ ပုံစံမျိုးဖြင့်) ထောက်ပံ့ပေးခြင်းအားဖြင့် လယ်သမားများအတွက် တူညီသည့် ဝင်ငွေကို ရရှိစေနိုင်ပါသည်။

သို့သော် ဖြေဆိုရမည့် အရေးကြီးမေးခွန်းများ ရှိနေပါသည်။ မြေယာပြန်လည်စီစစ်ရေး ဘုတ်အဖွဲ့တွင် မည်သူ့ကို ခန့်အပ်ပါမည်နည်း။ သူတို့က မည်သည့်ဥပဒေများ၊ လမ်းညွှန်ချက်များကို လိုက်နာကြမည်နည်း။ တရားရုံးများက စောဒကတက်မှု၊ အသနားခံမှုများကို ကြားနာကြမည်လော။ အကယ်၍ တစ်စုံတစ်ဦးသည် သိမ်းယူထားသည့်မြေအပေါ် လျော်ကြေးကို လုံလောက်စွာပေးပြီး ဆိုပါက မြေကို ပြန်၍မပေးအပ်တော့မည်လော။ ဤသို့လျော်ကြေးများအတွက် မည်သူက ရန်ပုံငွေ ထောက်ပံ့ပေးပါမည်နည်း။ ဦးစားပေးလုပ်ငန်းများအဖြစ် မည်သို့ သတ်မှတ်ကြမည်နည်း။ လက်ရှိအနေအထားတွင် အတိတ်ကာလက ဥပဒေများ (သို့မဟုတ်) တရားမဝင် ဆောင်ရွက်မှုများက မည်သည့်အခန်းကဏ္ဍက ရှိကြမည်နည်း။ ဤမေးခွန်းများ အားလုံးသည် အရေးကြီးသည့် မေးခွန်းများဖြစ်သည်။ သို့သော်လည်း မြေယာကိစ္စနှင့် ပတ်သက်၍ တစ်စုံတရာ ပြန်လည်ချိန်ညှိမှု မရှိဘဲနေလျှင် ဆက်လက်တင်းမာနေဖွယ်ရှိပြီး ဆင်းရဲနွမ်းပါးမှုများနှင့် ပြောင်းရွှေ့အခြေချရမှုများလည်း ဆက်လက်ဖြစ်ပေါ်နေဦးမည် ဖြစ်ပါသည်။

## နောက်ဆက်တွဲ (၃)။ သဘာဝ အရင်းအမြစ်များ - အသစ်ပြန်လည်ခွဲဝေရမည့် အချိန်ကာလ ဖြစ်သည်။

အဖိုးတန် ဓာတ်သတ္တုများ ဖြစ်သည့် ကျောက်စိမ်း၊ ကျောက်မျက်၊ ရွှေ၊ ကြေးနီ စသည်တို့ကြောင့် အတိတ်မြန်မာနိုင်ငံတွင် ပဋိပက္ခများ ဖြစ်ပေါ်ခဲ့ရပြီး ယခုတိုင် ယှဉ်ပြိုင်လုယက်နေကြရဆဲ ရှိပါသည်။ ဤဓာတ်သတ္တုများကို ထိန်းချုပ်ထားနိုင်မှု (ထို့အတူ ကျွန်းသစ်နှင့် ရေအားလျှပ်စစ်များ) ကို နိုင်ငံခြားကုမ္ပဏီများ၊ တိုင်းရင်းသားလက်နက်ကိုင်တပ်များ၊ အစိုးရနှင့် တပ်မတော်တို့က ရယူနိုင်ရေးကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ကြိုးပမ်းနေကြပါသည်။ ၎င်းဓာတ်သတ္တုများမှ ဘဏ္ဍာဝင်ငွေများသည် မြန်မာနိုင်ငံတွင် အရေးပါသည့် အခန်းကဏ္ဍမှ ရှိနေကြပါသည်။ ၎င်းတို့ကို မည်သို့ စီမံဆောင်ရွက်ကြပါမည် နည်း။

ပထမအခြေခံမူအဖြစ် ပွင့်လင်းမြင်သာမှု လိုအပ်နေပါသည်။ မည်သည့်သတ္တုတွင်းမှမဆို ရောင်းချမှု၊ ထုတ်လုပ်မှု၊ ကုန်ကျမှုများနှင့် ပတ်ဝန်းကျင်ညစ်ညမ်းစေမှုတို့ကို အစိုးရသို့လည်းကောင်း၊ ပြည်သူများထံသို့လည်းကောင်း သိရှိစေရမည် ဖြစ်ပါသည်။ ဤအရင်းအမြစ်များကို ပိုင်ဆိုင်သည့် ပိုင်ရှင်အဖို့ ထုတ်လုပ်ရယူရန်နှင့် ၎င်းတို့ထံမှ အမြတ်အစွန်းခံစားရန် အခွင့်အရေးရှိသော်လည်း သူတို့၏ လှုပ်ရှားဆောင်ရွက်မှုများကို ဖုံးကွယ်ထားရန် အခွင့်အရေးမရှိပါ။ အလားတူပင် ဥပဒေကို ချိုးဖောက်၍ ပတ်ဝန်းကျင်ညစ်ညမ်းစေရန် ဆောင်ရွက်ခွင့် မရှိပါ။ ထုတ်လုပ်မှု သို့မဟုတ် အမြတ်ငွေမှ အခွန်များ ကောက်ယူခြင်းသည် လုပ်ရိုးလုပ်စဉ်သာဖြစ်၍ ဤအတွက် သတ္တုတွင်း၏ လုပ်ကိုင်ဆောင်ရွက်နေမှု သတင်းအချက်အလက်များ သိရှိရန် လိုအပ်ပါသည်။ နိုင်ငံတော် အစိုးရမှ လုပ်ဆောင်နေသော ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်သည့် လုပ်ငန်းများကို ကြည့်ခြင်းအားဖြင့် အထက်ပါအဆိုသည် လက်ခံနိုင်ဖွယ်ရှိပါသည်။

ဒုတိယအခြေခံမူမှာ ထုတ်လုပ်မှုထံမှ ရရှိသည့် အကျိုးအမြတ်ကို ခွဲဝေခံစားကြရမည် ဖြစ်ပေသည်။ အသားတင်ရငွေ (Rent) (အသားတင်ရငွေ = ရောင်းချမှု - ကုန်ကျစားရိတ်) ဆိုသည်မှာ ဘောဂဗေဒရှိ နည်းပညာပိုင်းဝေါဟာရ ဖြစ်ပါသည်။ ဆိုလိုသည်မှာ အဆင့်မြင့်သည့် ဓာတ်သတ္တုသိုက် များထံမှရသည့် ပုံမှန်ထုတ်လုပ်ကုန်ကျမှုထက် သာလွန်သည့် အထူးအကျိုးအမြတ်များကို ဆိုလိုခြင်း ဖြစ်ပါသည်။ ဥပမာ အားဖြင့် ရွှေတူးမိုင်းတစ်ခုတွင် ရွှေတစ်အောင်စထုတ်ယူရန် ဒေါ်လာ ၆၀၀ ကုန်ကျပြီး တစ်အောင်စလျှင် ဒေါ်လာ ၁,၆၀၀ ဖြင့် ရောင်းချပါက အသားတင်ရငွေမှာ တစ်အောင်စလျှင် ဒေါ်လာ ၁,၀၀၀ ဖြစ်ပါသည်။ ၎င်းမှာ သတ္တုသိုက်၏ အရည်အသွေး အပေါ် မူတည်နေပါသည်။


သို့ပါသော်လည်း များသောအားဖြင့် ထုတ်လုပ်မှုကုန်ကျစားရိတ် ဒေါ်လာ (၆၀၀) တွင် သဘာဝ ဝန်းကျင်ညစ်ညမ်းမှုကို ထိန်းချုပ်ရန် ကုန်ကျစားရိတ်များ ထည့်သွင်းထားတတ်ခြင်း မရှိပါ။ ရွှေတွင်းများတွင် များသောအား ဖြင့် ဆိုင်ယာနိုက်ကို အသုံးပြုတတ်ကြပြီး ၎င်းကို အလွယ်တကူ စွန့်ပစ်တတ်ကြပါသည်။ သို့ဖြစ်ရာ မြစ်စုန်ပိုင်းတွင် ငါးများနှင့် တိရစ္ဆာန်များ သေဆုံးရခြင်း၊ ရေများ သောက်သုံးမရခြင်း၊ စိုက်ပျိုးရေးအတွက်ပင် သုံးမရခြင်း စသည့် ပြဿနာ များစွာ ဖြစ်ပေါ်စေပါသည်။ အကယ်၍ ဆိုင်ယာနိုက်ကို ကောင်းစွာစီမံခန့်ခွဲရန် အမှန်ကတယ်လိုအပ်သည့် ကုန်ကျစားရိတ် ဒေါ်လာ ၆၀ ထည့်ပေါင်းပါက ရွှေတစ်အောင်စမှ အသားတင်ရငွေ (Rent) သည် ဒေါ်လာ ၁, ၀၀၀ မဖြစ်နိုင်တော့ ပါ။ ဒေါ်လာ ၉၄၀ သာ ရှိပါတော့မည်။

နောက်ထပ်မေးခွန်းတစ်ခုမှာ အသားတင်ရငွေများကို မည်သို့ ခွဲဝေကြမည်နည်း ဖြစ်ပါသည်။ ဤအကျိုးအမြတ် အတွက် ခံစားခွင့်တောင်းဆိုကြသူများတွင် သတ္တုတွင်းပိုင်ရှင်၊ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရများ ပါဝင်ပါသည်။ ၎င်းအင်အားစု အားလုံးက အကျိုးအမြတ်၏ တစ်စိတ်တစ်ပိုင်းကို ခံစားခွင့် ရရှိသင့်ကြပါသည်။ ၎င်းငွေကို မြေငှားသည့်အတွက် ပေးရသည့်တန်ကြေးများ (royality payments) (သတ္တုတွင်း တစ်ကေလျှင် မည်၍မည်မျှပေးရန် တန်ကြေး ဖြတ်ထားသည့်ငွေ) မှလည်းကောင်း၊ အရောင်းခွန်မှလည်းကောင်း၊ တရားဝင်ကုန်ကျစားရိတ်များ ရှင်းလင်းပြီးသည့်အခါ ကျန်ငွေမှ အမြတ်ခွန်မှလည်းကောင်း၊ ထုတ်လုပ်မှုခွဲဝေခြင်းသဘောတူညီချက်များမှလည်းကောင်း ပြန်၍ ရယူနိုင်ကြပါသည်။

ဤငွေများကို မည်သို့ တိတိကျကျခွဲဝေမည်ဆိုသည်မှာ တစ်စိတ်တစ်ပိုင်းအားဖြင့် နည်းပညာပိုင်းဆိုင်ရာပြဿနာ ဖြစ်ပြီး ကျန်တစ်စိတ်တစ်ပိုင်းမှာ နိုင်ငံရေးပြဿနာ ဖြစ်ပါသည်။ ထုတ်လုပ်သူသည်လည်း ရင်းနှီးမြှုပ်နှံ၍ ဆက်လက်ထုတ်လုပ်ရန် မက်လုံး စေ့ဆော်မှု ရှိရပါမည်။ ပြည်နယ်များကလည်း ၎င်းတို့၏ သယံဇာတများမှ ခံစားခွင့်တစ်စုံတရာကို ရရှိသင့်ပါသည်။ သို့မှသာ အခြေခံအဆောက်အဦများ၊ လူမှုဝန်ဆောင်မှုများအတွက် ရန်ပုံငွေ ရရှိနိုင်ပါလိမ့်မည်။ နိုင်ငံတော်အစိုးရသည်လည်း သယံဇာတအပေါ်မှ ဘဏ္ဍာငွေတစ်စုံတရာကို ရရှိသင့်ပါသည်။

ကျောက်စိမ်းအပေါ်တွင် ရောင်းချရငွေမှ အခွန် ၁၀% ကောက်သည်ဟု ကျွန်ုပ်တို့သိရပါသည်။ ၎င်းဘဏ္ဍာ ဝင်ငွေမှ ၄၀% မှ ၄၅% ကို ဖက်စပ်လုပ်ငန်းများအတွက် အစိုးရက ရရှိသည်ဟု ဆိုပါသည်။ ယခုအခါ အစိုးရက လုပ်ငန်း အများစုတွင် ဖက်စပ်ပါဝင်နေပါသည်။ (၂၀၁၁ ခုနှစ်တွင်) ကချင်တပ်မတော်သို့လည်း ငွေပမာဏ ဒေါ်လာ ၁၀ သန်းမျှ အထိ ပေးနေကြရပါသည်။ ဤသို့ပေးဆောင်နေရသည့် ပုံစံမှာ ဒေသခံတို့အတွက် အခွန် (royalities) ပေးဆောင်နေရ သည့် သဘောဆောင်သော်လည်း ရွေးချယ်ခံထားရသည့် ကချင်ပြည်နယ် အစိုးရနှင့် ဗဟိုအစိုးရတို့အတွက် ဝေစုများ ပိုမိုပေးဆောင်စေရန် ညှိနှိုင်းဆွေးနွေးမှုများပြုကြရမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့ အကြံပြုလိုသည်မှာ ကချင်ပြည်နယ်အစိုးရအတွက် ပြပွဲမှရသော ကျောက်စိမ်းရောင်းခွန် နှင့် အခြားအခွန်များ (သို့မဟုတ်) ထုတ်လုပ်မှုခွဲဝေခြင်းမှ ၂၀-၂၅ ရာခိုင်နှုန်းကို ဗဟိုအစိုးရသို့ ဘဏ္ဍာငွေအဖြစ်ပေးပို့ပြီး အခြားဒေသများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ဖြစ်ပါသည်။ ၎င်းအပြင် ဗဟိုအစိုးရ ရရှိသော ဝေစုအနက်မှ အနည်းငယ်ကို အခြားသော ပြည်နယ်များအတွက် လျာထားပေးနိုင်ပါသည်။ ဤအဆိုပြုချက်ကို အောက်တွင် ပုံဇယားနှင့် ဖော်ပြထားပါသည်။

Proposed Sharing Structure of Jade



## နောက်ဆက်တွဲ (၄)။ စာရေးသူ၏ အကြောင်းနှင့် သုတေသနပြုစုရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် မိတ်ဖက်အဖွဲ့ အစည်းများ

**ဒေးဗစ် ဒါပိစ်** (David Dapice) သည် တပ်ဖ်တက္ကသိုလ် (Tufts University) မှ ပါမောက္ခတစ်ဦးဖြစ်ပြီး အရှေ့ တောင်အာရှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ ထင်ရှားသည့် ကျွမ်းကျင်သူတစ်ဦး ဖြစ်ပါသည်။ အင်ဒိုနီးရှား၊ ထိုင်းနိုင်ငံ၊ ကမ္ဘော ဒီးယား၊ ဗီယက်နမ်နိုင်ငံများနှင့် ပတ်သက်၍ ထဲထဲဝင်ဝင် ဆောင်ရွက်လုပ်ကိုင်ခဲ့ဖူးပါသည်။ ၎င်းသည် အင်ဒိုနီးရှားနိုင်ငံ၊ ဘဏ္ဍာရေး ဝန်ကြီးဌာန၏ အဓိကအကြံပေးတစ်ဦးအဖြစ် ၎င်းနိုင်ငံစီးပွားရေး လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်နေခဲ့သည့် ကာလများတွင် ဆောင်ရွက်ခဲ့ဖူးပါသည်။ ၎င်းသည် ဗီယက်နမ်နိုင်ငံ၏ စီးပွားရေးနှင့် ပတ်သက်၍ ၁၉၈၀ ခုနှစ်များအတွင်းက စတင်၍ လေ့လာခဲ့ပြီး၊ အထူးသဖြင့် မက္ကရိုစီးပွားရေးပြဿနာများ၊ အစိုးရ၏ ရင်းနှီးမြှုပ်နှံမှု မူဝါဒများနှင့် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုများကို အလေးထား လေ့လာခဲ့ပါသည်။ ပါမောက္ခဒါပိစ် သည် အက်ရှ်စင်တာ၏ မြန်မာနိုင်ငံဆိုင်ရာ သုတေသနစာတန်းများရေးသား ပြုစုရာတွင်လည်း အဓိကဦးဆောင်နေ သည့် စီးပွားရေးပညာရှင်နှင့် သုတေသီတစ်ဦး ဖြစ်ပါသည်။ **သောမတ်စ် ဗယ်လီလီ** (Thomas Vallely)သည် ဟားဗတ်တက္ကသိုလ်မှ ကနေဒီ School of Government ၏ အက်ရှ် စင်တာတွင် ဗီယက်နမ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အစီအစဉ်များ၏ ဒါရိုက်တာ (ညွှန်ကြားရေးမှူး) ဖြစ်ပါသည်။ ဗယ်လီလီက ၎င်းအစီအစဉ်၏ သုတေသန လုပ်ငန်းများကို၊ ထိုနိုင်ငံများရင်ဆိုင်နေရသည့် စီးပွားရေးနှင့် နိုင်ငံရေးပြဿနာများအပေါ်တွင်၊ ပွင့်လင်းစွာနှင့် အပြုသဘောဆောင် ဝေဖန်မှု၊ ဆွေးနွေးမှု များကို ပါဝင်ပတ်သက်နေသည့် အင်အားစုအသီးသီးအကြား ဖြစ်ပေါ်လာစေရန် ဆောင်ရွက်နေပါသည်။ ဗယ်လီလီ၏ လုပ်ငန်းဆောင်ရွက်မှုများသည် ကမ္ဘာစီးပွားရေးစနစ်မှ ခွဲထွက်ကျန်ရစ်နေသည့် အခြားနိုင်ငံများ၊ သို့မဟုတ် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးခက်ခဲနေကြသည့် နိုင်ငံများ (ဥပမာ- မွန်ဂိုလီးယား၊ ယူကရိန်းနှင့် ကမ္ဘောဒီးယား စသည်ဖြင့်) သို့လည်း တိုးချဲ့လုပ်ကိုင်နေပါသည်။ မစ္စတာဗယ်လီလီက အသုံးချသုတေသနနှင့် တိုက်တွန်းအကြံပေးမှုများကိုသုံး၍ အဆင့်မြင့် မူဝါဒချမှတ်သူများအနေဖြင့် ၎င်းတို့ကြုံတွေ့နေရသည့် အရေးပါသည့် မူဝါဒပြဿနာများအပေါ် ကြေလည်စွာ သဘောပေါက်လာအောင် ဆောင်ရွက်နေပါသည်။

ဟားဗတ်တက္ကသိုလ်၊ ကနေဒီကျောင်း၏ အက်ရှ်စင်တာ (Ash Center) သည် အခြေအနေ အမျိုးမျိုးအောက် တွင် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဒီမိုကရေစီနည်းကျ အုပ်ချုပ်ရေးစနစ်များ အကြောင်းကို အလေးပေး လေ့လာနေ သည့် ဌာနတစ်ခု ဖြစ်ပါသည်။ ဤလေ့လာမှုများတွင် "ခက်ခဲသည့်နိုင်ငံများ (hard countries)" ဟု ခေါ်ဆိုကြသည့် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ မြန်မာနိုင်ငံတို့အပေါ် လေ့လာမှုများ လည်း အပါအဝင် ဖြစ်ပါသည်။ ချည်းကပ်ဆောင် ရွက်ပုံမှာ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများ၏ နည်းပညာသဘော စီးပွားရေးပိုင်းမျှသာ မဟုတ်ဘဲ၊ နိုင်ငံရေးနှင့် နီးနွယ်နေသည့် စီးပွားရေးသဘော ကို နားလည်ရန်၊ လူမှုရေးနှင့် စီးပွားရေးပြဿနာများ ဖြေရှင်းရာတွင် နိုင်ငံရေးနှင့် အုပ်ချုပ်မှုအဆောက်အဦ (အင်စတီကျူးရှင်းများ) ဖွံ့ဖြိုးမှု ဆက်စပ်နေပုံ အကြောင်းများကို ရှာဖွေ သိရှိနိုင်ရန် ဖြစ်ပါသည်။
www.ash.harvard.edu